| ၂၂၉၃၅။ | ၆၈၉၉၄၁ | တပ်ကြပ်ကြီး | သိန်းစိုး |
| ၂၂၉၃၆။ | ၆၈၉၉၄၅ | တပ်ကြပ်ကြီး | ကျော်ဝ |
| ၂၂၉၃၇။ | ၆၈၉၉၇၉ | တပ်ကြပ်ကြီး | မြင့်စိုး |
| ၂၂၉၃၈။ | ၆၈၉၉၉၀ | တပ်ကြပ်ကြီး | ဝေစိုးဦး |
| ၂၂၉၃၉။ | ၆၉၀၀၀၀ | တပ်ကြပ်ကြီး | မြင့်ကြည် |
| ၂၂၉၄၀။ | ၆၉၀၀၀၂ | တပ်ကြပ်ကြီး | သန့်ဇင် |
| ၂၂၉၄၁။ | ၆၉၀၀၆၈ | တပ်ကြပ်ကြီး | တင်ထွေး |
| ၂၂၉၄၂။ | ၆၉၀၁၀၄ | တပ်ကြပ်ကြီး | ဝင်းအောင် |
| ၂၂၉၄၃။ | ၆၉၀၁၀၈ | တပ်ကြပ်ကြီး | ကိုကိုအောင် |
| ၂၂၉၄၄။ | ၆၉၀၁၆၁ | တပ်ကြပ်ကြီး | လှသူ |
| ၂၂၉၄၅။ | ၆၉၀၂၂၃ | တပ်ကြပ်ကြီး | ဇော်လတ် |
| ၂၂၉၄၆။ | ၆၉၀၂၃၆ | တပ်ကြပ်ကြီး | အုန်းဌေး |
| ၂၂၉၄၇။ | ၆၉၀၂၉၆ | တပ်ကြပ်ကြီး | စိုးထိုက် |
| ၂၂၉၄၈။ | ၆၉၀၃၁၇ | တပ်ကြပ်ကြီး | အောင်ဝင်း |
| ၂၂၉၄၉။ | ၆၉၀၃၂၀ | တပ်ကြပ်ကြီး | ခင်မောင်ဆန်း |
| ၂၂၉၅၀။ | ၆၉၀၃၈၄ | တပ်ကြပ်ကြီး | ဖုန်းကျော် |
| ၂၂၉၅၁။ | ၆၉၀၄၆၇ | တပ်ကြပ်ကြီး | လဲကီး |
| ၂၂၉၅၂။ | ၆၉၀၄၇၆ | တပ်ကြပ်ကြီး | စိုးလင်း |
| ၂၂၉၅၃။ | ၆၉၀၄၉၀ | တပ်ကြပ်ကြီး | သန်းနိုင် |
| ၂၂၉၅၄။ | ၆၉၀၅၀၂ | တပ်ကြပ်ကြီး | ဆန်းဦး |
| ၂၂၉၅၅။ | ၆၉၀၅၀၉ | တပ်ကြပ်ကြီး | ထွန်းမြင့် |
| ၂၂၉၅၆။ | ၆၉၀၅၃၂ | တပ်ကြပ်ကြီး | အောင်ဖြိုး |
| ၂၂၉၅၇။ | ၆၉၀၅၃၆ | တပ်ကြပ်ကြီး | အိုက်အောင် |
| ၂၂၉၅၈။ | ၆၉၀၅၇၉ | တပ်ကြပ်ကြီး | တင်မောင်ထွန်း |
| ၂၂၉၅၉။ | ၆၉၀၆၁၃ | တပ်ကြပ်ကြီး | မျိုးမြင့်အောင် |
| ၂၂၉၆၀။ | ၆၉၀၆၃၀ | တပ်ကြပ်ကြီး | မြင့်ဇော် |
| ၂၂၉၆၁။ | ၆၉၀၆၅၆ | တပ်ကြပ်ကြီး | မင်းနိုင် |
| ၂၂၉၆၂။ | ၆၉၀၆၆၈ | တပ်ကြပ်ကြီး | အောင်ဇော်လင်း |
| ၂၂၉၆၃။ | ၆၉၀၆၇၅ | တပ်ကြပ်ကြီး | ဆန်းဝင်း |
| ၂၂၉၆၄။ | ၆၉၀၆၈၇ | တပ်ကြပ်ကြီး | သန်းဆိုင် |
| ၂၂၉၆၅။ | ၆၉၀၇၀၄ | တပ်ကြပ်ကြီး | အေးလွင် |
| ၂၂၉၆၆။ | ၆၉၀၇၁၆ | တပ်ကြပ်ကြီး | ချစ်စရာ |
| ၂၂၉၆၇။ | ၆၉၀၇၂၉ | တပ်ကြပ်ကြီး | ဟုန်းလိန်း |
| ၂၂၉၆၈။ | ၆၉၀၇၃၄ | တပ်ကြပ်ကြီး | သန့်ဇင် |
| ၂၂၉၆၉။ | ၆၉၀၇၅၉ | တပ်ကြပ်ကြီး | တင်စိုး |
| ၂၂၉၇၀။ | ၆၉၀၇၇၉ | တပ်ကြပ်ကြီး | မောင်တင့် |
| ၂၂၉၇၁။ | ၆၉၀၈၀၇ | တပ်ကြပ်ကြီး | အေးလွင် |
| ၂၂၉၇၂။ | ၆၉၀၈၃၃ | တပ်ကြပ်ကြီး | ဝင်းညွန့် |
| ၂၂၉၇၃။ | ၆၉၀၈၇၀ | တပ်ကြပ်ကြီး | ကျော်ငွေ |
| ၂၂၉၇၄။ | ၆၉၀၉၀၃ | တပ်ကြပ်ကြီး | အောင်ကျော်ဦး |
| ၂၂၉၇၅။ | ၆၉၀၉၁၆ | တပ်ကြပ်ကြီး | ထွန်းစိုး |
| ၂၂၉၇၆။ | ၆၉၀၉၂၉ | တပ်ကြပ်ကြီး | မြင့်အောင် |
| ၂၂၉၇၇။ | ၆၉၀၉၃၉ | တပ်ကြပ်ကြီး | မျိုးရွှေ |
| ၂၂၉၇၈။ | ၆၉၀၉၄၈ | တပ်ကြပ်ကြီး | သန်းနိုင် |
| ၂၂၉၇၉။ | ၆၉၀၉၇၁ | တပ်ကြပ်ကြီး | ယားပါ |
| ၂၂၉၈၀။ | ၆၉၀၉၇၆ | တပ်ကြပ်ကြီး | မဟင်ဒရားလား |
| ၂၂၉၈၁။ | ၆၉၁၀၁၈ | တပ်ကြပ်ကြီး | စိုးဦး |
| ၂၂၉၈၂။ | ၆၉၁၀၂၃ | တပ်ကြပ်ကြီး | မင်းညိုထွေး |
| ၂၂၉၈၃။ | ၆၉၁၀၃၀ | တပ်ကြပ်ကြီး | အောင်နိုင်လင်း |
| ၂၂၉၈၄။ | ၆၉၁၀၅၀ | တပ်ကြပ်ကြီး | မျိုးလွင် |
| ၂၂၉၈၅။ | ၆၉၁၀၅၈ | တပ်ကြပ်ကြီး | ဆန်းမောင် |
| ၂၂၉၈၆။ | ၆၉၁၀၆၄ | တပ်ကြပ်ကြီး | သိန်းထွေး |
| ၂၂၉၈၇။ | ၆၉၁၀၇၈ | တပ်ကြပ်ကြီး | သိန်းဌေး |
| ၂၂၉၈၈။ | ၆၉၁၀၈၆ | တပ်ကြပ်ကြီး | ဝင်းနိုင် |
| ၂၂၉၈၉။ | ၆၉၁၁၅၈ | တပ်ကြပ်ကြီး | မြင့်အုန်း |
| ၂၂၉၉၀။ | ၆၉၁၁၆၀ | တပ်ကြပ်ကြီး | တင်နွယ်သိန်း |
| ၂၂၉၉၁။ | ၆၉၁၂၄၆ | တပ်ကြပ်ကြီး | မြင့်နိုင် |
| ၂၂၉၉၂။ | ၆၉၁၂၆၁ | တပ်ကြပ်ကြီး | ဝင်းနိုင် |
| ၂၂၉၉၃။ | ၆၉၁၂၇၉ | တပ်ကြပ်ကြီး | အောင်မိုးကြည် |
| ၂၂၉၉၄။ | ၆၉၁၃၀၀ | တပ်ကြပ်ကြီး | မြင့်ထွန်း |
| ၂၂၉၉၅။ | ၆၉၁၃၂၃ | တပ်ကြပ်ကြီး | ကိုနိုင် |
| ၂၂၉၉၆။ | ၆၉၁၃၂၅ | တပ်ကြပ်ကြီး | သိန်းနိုင် |
| ၂၂၉၉၇။ | ၆၉၁၃၃၁ | တပ်ကြပ်ကြီး | စိန်မြင့်လှိုင် |
| ၂၂၉၉၈။ | ၆၉၁၃၃၆ | တပ်ကြပ်ကြီး | တင်ထွန်းအောင် |
| ၂၂၉၉၉။ | ၆၉၁၄၁၄ | တပ်ကြပ်ကြီး | အောင်ကျော်မိုး |
| ၂၃၀၀၀။ | ၆၉၁၄၂၂ | တပ်ကြပ်ကြီး | လှမြင့် |
| ၂၃၀၀၁။ | ၆၉၁၄၄၆ | တပ်ကြပ်ကြီး | ဝင်းအောင် |
| ၂၃၀၀၂။ | ၆၉၁၄၉၄ | တပ်ကြပ်ကြီး | ကျော်ဦး |
| ၂၃၀၀၃။ | ၆၉၁၅၇၀ | တပ်ကြပ်ကြီး | ဦးကျော်သိန်း |
| ၂၃၀၀၄။ | ၆၉၁၅၇၆ | တပ်ကြပ်ကြီး | သိန်းနု |
| ၂၃၀၀၅။ | ၆၉၁၅၈၅ | တပ်ကြပ်ကြီး | ထွန်းရွှေမောင် |
| ၂၃၀၀၆။ | ၆၉၁၆၂၃ | တပ်ကြပ်ကြီး | အောင်မြင့် |
| ၂၃၀၀၇။ | ၆၉၁၆၆၆ | တပ်ကြပ်ကြီး | သန်းလှ |
| ၂၃၀၀၈။ | ၆၉၁၆၇၈ | တပ်ကြပ်ကြီး | မြတ်ကိုကို |
| ၂၃၀၀၉။ | ၆၉၁၆၈၅ | တပ်ကြပ်ကြီး | ကျော်ကျော် |
| ၂၃၀၁၀။ | ၆၉၁၆၈၈ | တပ်ကြပ်ကြီး | ထွန်းကိုဦး |
| ၂၃၀၁၁။ | ၆၉၁၆၉၉ | တပ်ကြပ်ကြီး | မောင်နိုင် |
| ၂၃၀၁၂။ | ၆၉၁၇၁၅ | တပ်ကြပ်ကြီး | သန်းငွေ |
| ၂၃၀၁၃။ | ၆၉၁၇၄၂ | တပ်ကြပ်ကြီး | စိုးဌေး |
| ၂၃၀၁၄။ | ၆၉၂၀၇၈ | တပ်ကြပ်ကြီး | ကြည်တင် |
| ၂၃၀၁၅။ | ၆၉၂၁၀၈ | တပ်ကြပ်ကြီး | ကီးခွိုးအွမ် |
| ၂၃၀၁၆။ | ၆၉၂၁၁၂ | တပ်ကြပ်ကြီး | သိန်းဇော်ဌေး |
| ၂၃၀၁၇။ | ၆၉၂၁၈၁ | တပ်ကြပ်ကြီး | အောင်ဝင်း |
| ၂၃၀၁၈။ | ၆၉၂၁၉၂ | တပ်ကြပ်ကြီး | အောင်ဆန်းထွန်း |
| ၂၃၀၁၉။ | ၆၉၂၂၀၅ | တပ်ကြပ်ကြီး | ထွန်းအောင်စိုး |
| ၂၃၀၂၀။ | ၆၉၂၂၅၆ | တပ်ကြပ်ကြီး | စောဘော်စကို |
| ၂၃၀၂၁။ | ၆၉၂၂၆၅ | တပ်ကြပ်ကြီး | သန်းဇော် |
| ၂၃၀၂၂။ | ၆၉၂၂၇၇ | တပ်ကြပ်ကြီး | အောင်ကျော်ဝင်း |
| ၂၃၀၂၃။ | ၆၉၂၃၂၉ | တပ်ကြပ်ကြီး | ထွန်းအေး |
| ၂၃၀၂၄။ | ၆၉၂၃၅၅ | တပ်ကြပ်ကြီး | စန်းလွင် |
| ၂၃၀၂၅။ | ၆၉၂၃၅၇ | တပ်ကြပ်ကြီး | အောင်မိုးနိုင် |
| ၂၃၀၂၆။ | ၆၉၂၃၅၈ | တပ်ကြပ်ကြီး | အေးနိုင် |
| ၂၃၀၂၇။ | ၆၉၂၄၀၉ | တပ်ကြပ်ကြီး | ဇော်ဇော် |
| ၂၃၀၂၈။ | ၆၉၂၄၁၈ | တပ်ကြပ်ကြီး | စံမင်း |
| ၂၃၀၂၉။ | ၆၉၂၄၂၅ | တပ်ကြပ်ကြီး | နေအောင်ဝင်း |
| ၂၃၀၃၀။ | ၆၉၂၄၂၆ | တပ်ကြပ်ကြီး | အောင်နိုင်ဖြိုး |
| ၂၃၀၃၁။ | ၆၉၂၅၆၇ | တပ်ကြပ်ကြီး | နိုင်လင်း |
| ၂၃၀၃၂။ | ၆၉၂၅၉၂ | တပ်ကြပ်ကြီး | မြင့်သူ |
| ၂၃၀၃၃။ | ၆၉၂၅၉၇ | တပ်ကြပ်ကြီး | မြအေး |
| ၂၃၀၃၄။ | ၆၉၂၆၂၇ | တပ်ကြပ်ကြီး | တင်မောင်ဆွေ |
| ၂၃၀၃၅။ | ၆၉၂၆၃၈ | တပ်ကြပ်ကြီး | မြင့်ဌေး |
| ၂၃၀၃၆။ | ၆၉၂၆၅၇ | တပ်ကြပ်ကြီး | ကျော်ကျော်ထွေး |
| ၂၃၀၃၇။ | ၆၉၂၆၆၀ | တပ်ကြပ်ကြီး | ကျော်ရွှေ |
| ၂၃၀၃၈။ | ၆၉၂၆၈၇ | တပ်ကြပ်ကြီး | ကျော်မြင့် |
| ၂၃၀၃၉။ | ၆၉၂၇၉၆ | တပ်ကြပ်ကြီး | လှထွန်း |
| ၂၃၀၄၀။ | ၆၉၂၈၂၇ | တပ်ကြပ်ကြီး | စိုးဝင်း |
| ၂၃၀၄၁။ | ၆၉၂၉၁၅ | တပ်ကြပ်ကြီး | ဇော်ထန် |
| ၂၃၀၄၂။ | ၆၉၂၉၃၀ | တပ်ကြပ်ကြီး | သန်းလွင် |
| ၂၃၀၄၃။ | ၆၉၂၉၈၇ | တပ်ကြပ်ကြီး | တင်ညီညီ |
| ၂၃၀၄၄။ | ၆၉၃၀၁၅ | တပ်ကြပ်ကြီး | ကျော်လှိုင်စိုး |
| ၂၃၀၄၅။ | ၆၉၃၀၂၂ | တပ်ကြပ်ကြီး | ကျော်ကျော်အောင် |
| ၂၃၀၄၆။ | ၆၉၃၀၂၃ | တပ်ကြပ်ကြီး | ကျော်စိုး |
| ၂၃၀၄၇။ | ၆၉၃၀၄၂ | တပ်ကြပ်ကြီး | ခင်မောင်လွင် |
| ၂၃၀၄၈။ | ၆၉၃၀၈၁ | တပ်ကြပ်ကြီး | ဝင်းနိုင် |
| ၂၃၀၄၉။ | ၆၉၃၂၁၀ | တပ်ကြပ်ကြီး | ကြည်ထွန်း |
| ၂၃၀၅၀။ | ၆၉၃၂၉၇ | တပ်ကြပ်ကြီး | ထွန်းနောင် |
| ၂၃၀၅၁။ | ၆၉၃၃၃၁ | တပ်ကြပ်ကြီး | မြင့်ဦး |
| ၂၃၀၅၂။ | ၆၉၃၃၉၆ | တပ်ကြပ်ကြီး | ရဲနိုင် |
| ၂၃၀၅၃။ | ၆၉၃၄၁၃ | တပ်ကြပ်ကြီး | တင်ဦး |

[ **ဆက်လက်ဖော်ပြပါမည်။** ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်)

### အမျိုးသားစံချိန်စံညွှန်းကောင်စီ အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားစံချိန်စံညွှန်းကောင်စီတွင် အဖွဲ့ဝင် ဦးတင်လတ်၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် **အစား** ဦးစိုးမြင့်၊ အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အား အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(၉) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(၁၀) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၁၁) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၈) ဒေါက်တာခင်ဇော် အဖွဲ့ဝင်
မွေးမြူရေးပညာရှင်

(၁၉) ဦးကျော်စိုး အဖွဲ့ဝင်
အင်ဂျင်နီယာပညာရှင်

(၂၀) ဦးတင်ထွန်းဦး အဖွဲ့ဝင်
စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးပညာရှင်

(၂၁) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂၂) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

**ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ** (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

**ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကို ဖြစ်စေ အသုံးပြု၍ မောင်းနှင်သောယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ဆိုင်ကယ်၊ နောက်တွဲယာဉ်၊ စက်ယန္တရားများနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ယာဉ်များလည်း ပါဝင်သည်။

(ခ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်** ဆိုသည်မှာ စီးပွားရေးအလို့ငှာ ငှားရမ်းခ သို့မဟုတ် သယ်ယူပို့ဆောင်ခရယူ၍ ခရီးသည် သို့မဟုတ် ကုန်စည်ကို သယ်ယူပို့ဆောင်သောမော်တော်ယာဉ်ကို ဆိုသည်။

(ဂ) **နောက်တွဲယာဉ်** ဆိုသည်မှာ မော်တော်ယာဉ်ဖြင့်ချိတ်ဆွဲသည့် ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဃ) **မော်တော်ဆိုင်ကယ်** ဆိုသည်မှာ ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အနည်းဆုံး ဘီးနှစ်ဘီးဖြင့် မောင်းနှင်သော မော်တော်ယာဉ်ကို ဆိုသည်။

(င) **မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း** ဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ဘောင်၊ ဝင်ရိုးနှင့် မောင်းနှင်တံ အထိုင်စနစ်တို့ကို ဆိုသည်။

(စ) **ဝန်တင်အား** ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန်၊ ခရီးသည်အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည်အရေအတွက် စုစုပေါင်းတို့ကို ဆိုသည်။

(ဆ) **ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods)** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသည့် ပစ္စည်းများ၊ အရာဝတ္ထုများ၊ အရည်များနှင့် အခိုးအငွေ့များကို ဆိုလိုသည်။

( ဇ ) **ကနဦးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ ပထမဦးဆုံး မှတ်ပုံတင်ခြင်းကို ဆိုသည်။

( ဈ ) **ယာယီမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်ကို ကနဦးမှတ်ပုံတင်ခြင်းမပြုမီ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း သို့မဟုတ် ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်း နေ့ရက်၊ အချိန်နှင့် နေရာ ကန့်သတ်ချက်များဖြင့် ခေတ္တဝင်ရောက်နိုင်ရေးနှင့် ခေတ္တဖြတ်သန်းသွားလာနိုင်ရေးတို့အတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြန်လည်တင်ပို့ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများမှ ယာယီတင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ကာလအတွင်း အသုံးပြုနိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းတို့ကို ဆိုသည်။

( ည ) **သက်တမ်းတိုးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသောမော်တော်ယာဉ်ကို သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးဆောင်ရွက်ခြင်းကို ဆိုသည်။

( ဋ ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာန မှတ်ပုံတင်အရာရှိ သို့မဟုတ် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိကို ဆိုသည်။

( ဌ ) **ဦးစီးဌာနမှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဦးစီးဌာန၏ အရာရှိတစ်ဦးဦးအား မှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန်ပေးသောသူကို ဆိုသည်။

( ဍ ) **ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများရှိ အရာရှိတစ်ဦးဦးအား ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန်ပေးထားသောသူကို ဆိုသည်။

( ဎ ) **လိုင်စင်ထုတ်ပေးသူအရာရှိ** ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်ထုတ်ပေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသောအရာရှိကို ဆိုသည်။

( ဏ ) **မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (Registration Logbook of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်ထားသူကို ထုတ်ပေးသည့် မှတ်ပုံတင်ထားသော မော်တော်ယာဉ်ဆိုင်ရာအချက်အလက်များပါဝင်သည့် မှတ်တမ်းစာအုပ်ကို ဆိုသည်။

( တ ) **မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (Registration Certificate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်း၊ အများပြည်သူဆိုင်ရာ နေရာနှင့် အခြားသွားလာခွင့်ပြုနိုင်သော နေရာများတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

( ထ ) **မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် (Vehicle Inspection Certificate)** ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းက ထုတ်ပေးသော မော်တော်ယာဉ်ကြံ့ခိုင်မှုရှိကြောင်း အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

( ဒ ) **မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား (Registration Number Plate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့် အနောက်တွင် တပ်ဆင်အသုံးပြုရန်လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ဆိုင်ကယ်၏ အနောက်တွင် တပ်ဆင်အသုံးပြုရန်လည်းကောင်း ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကို ဆိုသည်။

( ဓ ) **မော်တော်ယာဉ်မှတ်ပုံတင်ထားသူ** ဆိုသည်မှာ မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြထားသူကို ဆိုသည်။

( န ) **မော်တော်ယာဉ်ပိုင်ရှင်** ဆိုသည်မှာ မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ တစ်နည်းနည်းဖြင့် ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ထားသူ သို့မဟုတ် ဥပဒေနှင့်အညီ မော်တော်ယာဉ်ကို လက်ရှိရရှိထားသူလည်း ပါဝင်သည်။

( ပ ) **မော်တော်ယာဉ်အတွက် တာဝန်ရှိသူ** ဆိုသည်မှာ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန်ယူ ဆောင်ရွက်သူ သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်သူကို ဆိုသည်။

(ဖ) **မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း** ဆိုသည်မှာ ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ် စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဗ) **မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့** ဆိုသည်မှာ မော်တော်ယာဉ် စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူ (Operator) များ၏ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာ (Vehicle Inspection Equipment) များ အရည်အသွေးပြည့်မီမှု ရှိမရှိ၊ စစ်ဆေးခြင်း နည်းစနစ်များ မှန်ကန်မှုနှင့် တိကျမှု ရှိ မရှိ၊ စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ မှန်ကန်မှု ရှိ မရှိ တို့အတွက် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းတို့ကိုဆောင်ရွက်ရန် ဦးစီးဌာနက သတ်မှတ်တာဝန်ပေးအပ်သော အဖွဲ့အစည်းကို ဆိုသည်။

(ဘ) **ယာဉ်မောင်းလိုင်စင်** ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဂ္ဂိုလ်တစ်ဦးအား မော်တော်ယာဉ်ကို ဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသည့် စာတမ်း အမှတ်အသားကို ဆိုသည်။

(မ) **ယာဉ်အကူလိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးအား ခရီးသည်တင်မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင် မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူနှင့် ခရီးသည်များကို ကူညီဆောင်ရွက်ခွင့် ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(ယ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော စာတမ်း အမှတ်အသားကို ဆိုသည်။

(ရ) **အများပြည်သူဆိုင်ရာနေရာ** ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသောနေရာ၊ လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်နှင့် လမ်းကြောင်းတို့ကို ဆိုသည်။

(လ) **လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ** ဆိုသည်မှာ မော်တော်ယာဉ်မောင်းသူများ အပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အချက်ပြအညွှန်း၊ အမှတ်အသားနှင့် အချက်ပြကိရိယာများကို ဆိုသည်။

(ဝ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေး** ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကို ဆိုသည်။

(သ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။

(ဟ) **အမျိုးသားကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ဆိုသည်။

(ဠ) **ဒေသဆိုင်ရာကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ဆိုသည်။

(အ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ကက) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ခခ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်စေရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့်အရည်အချင်းနှင့် ပြည့်မီမှု ရှိ မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရေး ဆောင်ရွက်ရန်၊

(ဃ) မော်တော်ယာဉ်ကြောင့် မတော်တဆဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာစေရေးအတွက် စနစ်တကျ စီမံခန့်ခွဲရန်၊

(င) ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း ပြုနိုင်ရန်၊

(စ) ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းကျဆင်းလာစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(ဆ) ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏အသက်နှင့် လူမှုစီးပွားဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းလာစေရန်နှင့် လမ်းအသုံးပြုသူများသွားလာမှု လွယ်ကူချောမွေ့စေရန်၊

(ဇ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကို အန္တရာယ်ကင်းစွာ သယ်ယူပို့ဆောင်စေရန်။

## အခန်း (၃)

## အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဒုတိယသမ္မတတစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး သင့်လျော်သောပုဂ္ဂိုလ်များဖြင့် အမျိုးသားကောင်စီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အမျိုးသားကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ အမျိုးသားကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ အစီအမံများ ချမှတ်ကြီးကြပ်ခြင်း၊

(ဂ) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကြေးနှင့်လူ့စွမ်းအားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်ခြင်း၊

(င) ရန်ပုံငွေ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ကြပ်မတ်ခြင်း၊

(စ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍ အစီရင်ခံတင်ပြလာမှုများကို စိစစ်ဆောင်ရွက်ခြင်း၊

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဟန့်အတားဖြစ်စေနိုင်ကြောင်း ပြည်သူတစ်ရပ်လုံးက သိရှိပြီး ပိုမိုလေးစား လိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဇ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေရေး လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိမရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လုပ်ငန်းစီမံကိန်းများအား ခေတ်ကာလနှင့်ကိုက်ညီစေရန် ပြင်ဆင်ဆောင်ရွက်ခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းပညာဆိုင်ရာ အထောက်အပံ့များရရှိစေရေး ဆောင်ရွက်ခြင်း၊

(ဋ) ဝန်ကြီးဌာနများက ဆောင်ရွက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များ၊ ဝန်ကြီးဌာနများနှင့် နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းကွပ်ကဲခြင်း၊

(ဌ) မော်တော်ယာဉ်ကြောင့်ဖြစ်သော ပတ်ဝန်းကျင်ထိခိုက်မှုအား လျှော့နည်းကျဆင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေး စီမံဆောင်ရွက်ခြင်း၊

(ဍ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့်စပ်လျဉ်းသည့် စာတမ်းပြုစုခြင်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် သုတေသနပြုခြင်းတို့အတွက် လိုအပ်သည့် မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ၏ ရန်ပုံငွေသုံးစွဲမှုအား ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဏ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကို အန္တရာယ်ကင်းစွာ သယ်ယူပို့ဆောင်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(တ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် အစီရင်ခံတင်ပြခြင်း။

၆။ အမျိုးသားကောင်စီသည်-

(က) လိုအပ်သော ဆပ်ကော်မတီများကိုဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်စေလျက် သင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ဒေသဆိုင်ရာ ကောင်စီများကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာ ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဒေသဆိုင်ရာ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားကောင်စီက ချမှတ်ပေးသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် အကောင်အထည်ဖော်ရန် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ခြင်း၊

(ဂ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ရန်နှင့် အမျိုးသားကောင်စီသို့ သတ်မှတ်ကာလအလိုက် အစီရင်ခံစာများ ပြုစုတင်ပြခြင်း၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေ စနစ်တကျသုံးစွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အား လိုအပ်သလို တာဝန်ပေးအပ်ခြင်း၊

(စ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဟန့်အတားဖြစ်စေနိုင်ကြောင်း ပြည်သူတစ်ရပ်လုံးမှ သိရှိပြီး ပိုမိုလေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်း၊

(ဇ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှုတိုးတက်လာစေရေး လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းပညာဆိုင်ရာ အထောက်အပံ့များ ရရှိစေရေးဆောင်ရွက်၍ အကောင်အထည်ဖော်မှုအား အမျိုးသားကောင်စီသို့ တင်ပြခြင်း၊

(ည) မော်တော်ယာဉ်ကြောင့်ဖြစ်သော ပတ်ဝန်းကျင်ထိခိုက်မှုအား လျော့နည်းကျဆင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေး စီမံဆောင်ရွက်ခြင်း၊

(ဋ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့်စပ်လျဉ်းသည့် စာတမ်းပြုစုခြင်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် သုတေသနပြုခြင်းတို့အတွက် ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) အမျိုးသားကောင်စီက ချမှတ်ပေးသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ အစီအမံများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဍ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် ဖြစ်ပေါ်နေသည့် ဒေသအလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အခြေအနေများအရ ချမှတ်သည့်လုပ်ငန်းများ၊ မော်တော်ယာဉ်ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းရေးကိစ္စရပ်များနှင့် ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၈။ ဒေသဆိုင်ရာ ကောင်စီသည် ခရိုင်နှင့် မြို့နယ်အလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ ယင်းသို့ လုပ်ငန်းတာဝန်များ သတ်မှတ်ရာတွင် ဒေသဆိုင်ရာ ကောင်စီ၏ လုပ်ငန်းတာဝန်များနှင့်အညီ သတ်မှတ်ပေးနိုင်သည်။

## အခန်း (၄)
## ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၉။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်-

(က) ပြည်တွင်း၌ အသုံးပြုသည့် မော်တော်ယာဉ်များ သွားလာခွင့်ရှိသည့် နေရာဒေသတို့ကို သတ်မှတ်ခြင်းနှင့် ကန့်သတ်ခြင်း၊

(ခ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သွားလာခြင်းနှင့် သက်ဆိုင်သော ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်း။

၁၀။ ဝန်ကြီးဌာနသည်-

(က) မော်တော်ယာဉ် မတော်တဆထိခိုက်မှုအန္တရာယ်များ၊ မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ၊ ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းကျဆင်းလာစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လေ့လာသုံးသပ်ခြင်း၊ လမ်းညွှန်ချက်များချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

(ခ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ အမျိုးသားကောင်စီသို့ လိုအပ်သော မူဝါဒများ၊ စည်းကမ်းချက်များနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး အကြံပြုခြင်းများ ဆောင်ရွက်ရမည်။

၁၁။ ဝန်ကြီးဌာနသည် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ်စစ်ဆေးခများထဲမှ ဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ၊ ဤဥပဒေနှင့် နည်းဥပဒေများနှင့်အညီ သတ်မှတ်ကောက်ခံမည့် မော်တော်ယာဉ်စီမံခန့်ခွဲခြင်းဆိုင်ရာ အခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ခြင်း၊ လိုအပ်သလိုပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၂။ ဝန်ကြီးဌာနသည်-

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အများပြည်သူအကျိုးငှာ မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ခ၊ ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာနှင့် ယာဉ်မောင်းလိုင်စင်ဆိုင်ရာ အခြားအခကြေးငွေတို့ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) မော်တော်ယာဉ် အသုံးပြုနိုင်မည့်သက်တမ်းကို သတ်မှတ်ပေးရမည်။

(ဂ) မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများနှင့် စံသတ်မှတ်ချက်များကို အတည်ပြုထုတ်ပြန်ရမည်။

၁၃။ ဝန်ကြီးဌာနသည်-

(က) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို စစ်ဆေးရန် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ကို သဘောတူစာချုပ် ချုပ်ဆို၍ စည်းကမ်းချက်များ သတ်မှတ်ပြီး တာဝန်ပေးအပ်နိုင်သည်။

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့အနေဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဦးစီးဌာနက ပေးချေရမည့် ဝန်ဆောင်ခကို သတ်မှတ်ပေးရမည်။ ယင်းအဖွဲ့၏ သက်တမ်းကာလတို့ကိုလည်း သတ်မှတ်ရမည်။

[ **ဆက်လက်ဖော်ပြပါမည်။** ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)

### အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၀) ဖြင့် တာဝန်ပေးအပ်ခဲ့သည့် အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ အဖွဲ့ဝင် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ဇော်မြင့်စန်း **အစား** ဗိုလ်မှူးကြီး သန်းနိုင်ဝင်း အား ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

ထွန်းအောင် (ခ) ထွန်းထွန်းဟိန်
ဒုတိယနာယက
ပြည်ထောင်စုလွှတ်တော်

**[ ယခင်အပတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမိန့်ကြော်ငြာစာအမှတ် (၃၂၁/၂၀၂၀) လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ အဆက် ]**

## ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားတင်ပြခြင်း

၁၁၉။ ဥပဒေပုဒ်မ ၃၀၂ ပါ ပြဋ္ဌာန်းချက်အလို့ငှာ-

(က) ယုံမှတ်အပ်နှံခြင်းခံရသူသည် နည်းဥပဒေခွဲ (ခ) ပါ အချက်အလက်များပါဝင်သည့် အကြောင်းကြားစာ ပေးပို့ပြီးနောက် ၁၄ ရက်ထက် မနည်းသောကာလအတွင်း ရက် တစ်ရက်သတ်မှတ်ပြီး ထိုသတ်မှတ်သောနေ့ နောက်ဆုံးထား၍ မြီရှင်မှ ၎င်း၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်၏ အသေးစိတ်အချက်အလက်များနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပေးသည့် အကြောင်းကြားစာတွင် အနည်းဆုံး အောက်ပါ အချက်အလက်များ ပါဝင်ရမည်-

(၁) လူမွဲ၏ အမည်၊

(၂) လူမွဲ၏ ကုန်သွယ်မှုအမည် သို့မဟုတ် စီးပွားရေးလုပ်ငန်းအမည်၊

(၃) နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့်ရက်၊

(၄) အီးမေးလ် သို့မဟုတ် အီလက်ထရောနစ်လိပ်စာ အပါအဝင် နည်းဥပဒေခွဲ (စ) အရ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားများကို လက်ခံမည့် လိပ်စာ၊

(၅) နည်းဥပဒေခွဲ (င) တွင် ဖော်ပြထားသည့် အကျိုးဆက်များ။

(ဂ) နည်းဥပဒေခွဲ (က) အရ ထုတ်ဆင့်သည့် အကြောင်းကြားစာမိတ္တူကို ယုံမှတ်အပ်နှံခြင်းခံရသူသည် ၎င်းသိရှိသမျှသော မြီရှင်တစ်ဦးချင်းစီထံ ပေးပို့ရမည်ဖြစ်ပြီး နည်းဥပဒေ ၉ နှင့်အညီလည်း ထုတ်ပြန်ကြေညာရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် နည်းဥပဒေခွဲ (က) အရ ထုတ်ဆင့်သည့် အကြောင်းကြားစာ မိတ္တူကို မြီရှင်များထံသို့ ပေးပို့သည့်အခါ ယင်းစာနှင့်အတူ နည်းဥပဒေခွဲ (စ) တွင် ရည်ညွှန်းဖော်ပြထားသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ ပုံစံလည်း ပူးတွဲပါရှိစေရမည်။

(င) ဤနည်းဥပဒေအရ ယုံမှတ်အပ်နှံခြင်းခံရသူမှ အကြောင်းကြားစာ ထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို မြီရှင်တစ်ဦးဦးမှ လိုက်နာရန်ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါ အခွင့်အရေးများကို ရယူခံစားပိုင်ခွင့် မရှိစေရ-

(၁) ၎င်း၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို လက်ခံခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်။

(စ) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်နှင့်စပ်လျဉ်းသည့် သက်သေခံအထောက်အထားများကို သတ်မှတ်ထားသည့် **"ပုံစံ-၁၇** (လူမွဲ၏ ပစ္စည်းအပေါ် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်နှင့် စပ်လျဉ်း၍ သက်သေခံချက်)" ကို ဖြည့်သွင်းလျက် နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၅) တွင် ဖော်ပြထားသည့် လိပ်စာသို့ ယုံမှတ်အပ်နှံခြင်းခံရသူထံ ပေးပို့နိုင်သည်။

(ဆ) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်နှင့်စပ်လျဉ်းသည့် သက်သေခံအထောက်အထားများကို မြီရှင်ကိုယ်တိုင်ဖြစ်စေ၊ မြီရှင်က အခွင့်အာဏာအပ်နှင်းထားသူကဖြစ်စေ ပြုစုတင်ပြနိုင်သည်။ သို့ရာတွင် အခွင့်အာဏာအပ်နှင်းခံရသူက သက်သေခံအထောက်အထားများကို ပြုစုတင်ပြရာတွင် ၎င်းသည် ထိုသို့ပြုလုပ်ရန် အခွင့်အာဏာရှိကြောင်းနှင့် အချက်အလက်များနှင့်စပ်လျဉ်း၍ မည်သို့သိရှိကြောင်း ဖော်ပြရမည်။

(ဇ) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထား တင်ပြရာတွင် အောက်ပါအချက်အလက်များနှင့် အထောက်အထားများ ပါဝင်ရမည်-

(၁) သက်သေပြရမည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်၏ အသေးစိတ် အချက်အလက်၊

(၂) ကြွေးမြီကိစ္စဖြစ်ပါက ငွေစာရင်းဆိုင်ရာ ထုတ်ဖော်ကြေညာချက်၊

(၃) ငွေစာရင်းဆိုင်ရာ ထုတ်ဖော်ကြေညာချက်ကို အခိုင်အမာ သက်သေပြနိုင်သည့် ရရှိနိုင်သမျှသော ငွေလက်ခံဖြတ်ပိုင်းများ။

(ဈ) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထား တင်ပြရာတွင် အောက်ပါတို့ကိုလည်း ဖော်ပြရမည်-

(၁) မြီရှင်သည် အာမခံအကျိုးခံစားခွင့်ရ မြီရှင် ဖြစ် မဖြစ်၊

(၂) မြီရှင်၏ လက်ဝယ်ရှိ အာမခံပစ္စည်းတန်ဖိုးနှင့် သဘောသဘာဝ၊

(၃) ကြွေးမြီတစ်ရပ်လုံးအပေါ်တွင် အာမခံအကျိုးခံစားခွင့်ရှိကြောင်း သို့မဟုတ် ကြွေးမြီ၏ တစ်စိတ်တစ်ဒေသအပေါ်တွင်သာ အာမခံအကျိုးခံစားခွင့်ရှိကြောင်း။

(ည) အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ကြွေးမြီနှင့်သက်ဆိုင်သော သက်သေခံအထောက်အထား တင်ပြခဲ့ပြီး ကျန်မြီရှင်အားလုံး၏ အကျိုးအတွက် ၎င်း၏အာမခံပစ္စည်းကို စွန့်လွှတ်ရန် ဆန္ဒရှိသည့်အခါ ကြွေးမြီနှင့်သက်ဆိုင်သော သက်သေခံအထောက်အထားတွင် ယင်းအချက်ကို ထည့်သွင်းဖော်ပြ ရမည်။

(ဋ) ငှားရမ်းခ သို့မဟုတ် အခြားပေးချေမှုတစ်ရပ်ကို ပေးချေရန် အချိန်စေ့ရောက်ချိန်သည် လူမွဲဖြစ်မှု စတင်ပြီးနောက် စေ့ရောက်ခြင်းဖြစ်လျှင် ထိုငှားရမ်းခ သို့မဟုတ် အခြားငွေပေးချေမှုကို ရခွင့်ရှိသူသည် ထိုရရန်ရှိငွေနှင့်စပ်လျဉ်း၍ လူမွဲမှုခင်းစတင်သည့်နေ့ရက်အထိ ကာလပိုင်းခြားသတ်မှတ်လျက် သက်သေခံအထောက်အထားများ တင်ပြတောင်းဆိုနိုင်သည်။

(ဌ) လူမွဲသို့ ငှားရမ်းထားသည့် အဆောက်အဦမှာ ယုံမှတ်အပ်နှံခြင်းခံရသူ၏ ကြီးကြပ်ထိန်းချုပ်မှု အောက်တွင်ရှိနေပါက ယင်းအဆောက်အဦသည် လူမွဲ၏လက်ဝယ်ရှိနေစဉ် ကာလ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ ကြီးကြပ်ထိန်းချုပ်မှုအောက်တွင် ရှိနေစဉ်ကာလအတွက် အဆောက်အဦ ပိုင်ရှင်သည် လူမွဲ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံမှ ငှားရမ်းခ တောင်းဆိုပိုင်ခွင့်ရှိပြီး ယင်းအခွင့် အရေးကို နည်းဥပဒေခွဲ (ည) ပါ ဖော်ပြချက်က ပိတ်ပင်ခြင်းမရှိစေရ။

(ဍ) တရားရုံးက အခြားနည်းအမိန့်ချမှတ်ခြင်းမရှိပါက မြီရှင်သည် ၎င်း၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို သက်သေပြခြင်း သို့မဟုတ် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်နှင့်စပ်လျဉ်း၍ သက်သေခံ အထောက်အထား တင်ပြခြင်းအတွက် ကုန်ကျစရိတ်ကို ကိုယ်တိုင်ကျခံရမည်။

## အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြခြင်း

၁၂၀။ (က) အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် လူမွဲဖြစ်မှုတွင် ၎င်း၏အာမခံရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို သက်သေပြခွင့်ရှိသည်။

(ခ) မြီရှင်များ၏အကျိုးငှာ အာမခံကို စွန့်လွှတ်သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် ယေဘုယျအားဖြင့် ၎င်း၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက် တစ်ရပ်လုံးအတွက် သက်သေ ထင်ရှား တင်ပြနိုင်သည်။

(ဂ) အာမခံအကျိုးခံစားခွင့်ရ မြီရှင်က အာမခံပစ္စည်းကို ထုခွဲရောင်းချရာတွင် သဘောရိုးနှင့် သင့်လျော်သောနည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ယုံမှတ်အပ်နှံခြင်းခံရသူက ကျေနပ် လက်ခံမှုမရှိလျှင်မှတစ်ပါး၊ အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် ထိုအာမခံပစ္စည်းကို ထုခွဲရောင်းချ၍ ရရှိသော အသားတင်ငွေပမာဏကို ထုတ်နုတ်ပြီးနောက် ကျန်ရှိနေသော ပမာဏကို သက်သေထင်ရှား ပြသနိုင်သည်။

(ဃ) အာမခံပစ္စည်းကို ထုခွဲရယူခြင်း သို့မဟုတ် စွန့်လွှတ်ခြင်းမရှိသည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည်-

(၁) ယင်းအာမခံပစ္စည်း၏ တန်ဖိုးကို ခန့်မှန်းတွက်ချက်နိုင်သည်။

(၂) ထိုခန့်မှန်းတွက်ချက်ထားသည့် တန်ဖိုးကို ထုတ်နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏကို သက်သေထင်ရှား ပြသနိုင်သည်။

(င) နည်းဥပဒေခွဲ (ဃ) နှင့်သက်ဆိုင်သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် ၎င်း၏ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် အာမခံပစ္စည်းနှင့်သက်ဆိုင်သော အသေးစိတ် အချက်အလက်နှင့် ထိုအာမခံပစ္စည်း၏ ခန့်မှန်းတွက်ချက်ထားသည့် တန်ဖိုးကို ဖော်ပြရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူက အာမခံပစ္စည်းကို ပြန်လည်ရယူခြင်း**

၁၂၁။ (က) အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကို နုတ်ပြီး ကျန်ရှိသည့် ကြွေးမြီပမာဏနှင့်စပ်လျဉ်း၍ ကြွေးမြီဆိုင်ရာ သက်သေခံအထောက်အထားကို တင်ပြလာပါက ယုံမှတ်အပ်နှံခြင်းခံရသူမှသည် အာမခံအကျိုးခံစားခွင့်ရ မြီရှင် တင်ပြသည့် ခန့်မှန်းတန်ဖိုးကို ၎င်းထံသို့ ပေးချေပြီး အဆိုပါ အာမခံပစ္စည်းကို မည်သည့်အချိန်တွင်မဆို ပြန်လည်ရယူနိုင်သည်။

(ခ) မြီရှင်တင်ပြသည့် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကို ယုံမှတ်အပ်နှံခြင်းခံရသူမှ ကျေနပ်မှု မရှိပါက ထိုအာမခံပစ္စည်းကို မြီရှင်နှင့် ယုံမှတ်အပ်နှံခြင်းခံရသူတို့ သဘောတူညီသည့် ရောင်းချရန်အချိန်နှင့် စည်းကမ်းချက်များ သတ်မှတ်၍ ယုံမှတ်အပ်နှံခြင်းခံရသူက ရောင်းချရန် ကမ်းလှမ်းစေနိုင်သည်။

(ဂ) ယင်းပစ္စည်းကို အများပြည်သူရှေ့မှောက် လေလံဖြင့် ရောင်းချခြင်းဖြစ်လျှင် မြီရှင် သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူတို့က ထိုပစ္စည်းကို လေလံဆွဲခွင့်၊ ဝယ်ယူခွင့် ရှိသည်။

(ဃ) မြီရှင်သည် မည်သည့်အချိန်တွင်မဆို ယုံမှတ်အပ်နှံခြင်းခံရသူကို စာဖြင့်ရေးသားအကြောင်းကြားလျက် ယုံမှတ်အပ်နှံခြင်းခံရသူမှ အာမခံပစ္စည်းကို ပြန်လည်ရယူလိုခြင်း ရှိ မရှိ သို့မဟုတ် ထုခွဲရောင်းချခြင်း ပြုမည် မပြုမည်ကို ရွေးချယ်စေနိုင်သည်။ ထိုသို့ မေးမြန်းသည့်စာကို လက်ခံရရှိပြီးနောက် ၃ လအတွင်း ယုံမှတ်အပ်နှံခြင်းခံရသူက မြီရှင်ထံသို့ တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိပါက-

(၁) ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုအခွင့်အရေးကို ကျင့်သုံးခွင့်မရှိစေရ၊

(၂) နည်းဥပဒေခွဲ (င) ပါအတိုင်း ထိုအာမခံပစ္စည်းကို မြီရှင်မှ လေလံဆွဲဝယ်ယူခဲ့ပါက ယင်းပစ္စည်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှုနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ထိုမြီရှင် ထံသို့ လွှဲပြောင်းကျရောက်သည်ဟု မှတ်ယူရမည်။

(၃) ဤအခန်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ မြီရှင်၏ ကြွေးမြီပမာဏသည် မြီရှင်က ခန့်မှန်း တင်ပြသည့် အာမခံပစ္စည်း၏ တန်ဖိုးအတိုင်း လျှော့ချပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**တန်ဖိုးသတ်မှတ်မှုကို ပြင်ဆင်ခြင်း**

၁၂၂။ (က) အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် ၎င်းခန့်မှန်းတင်ပြသည့် အာမခံပစ္စည်း၏တန်ဖိုးကို နုတ်ပြီးနောက် ကျန်ရှိမည့်ပမာဏနှင့်စပ်လျဉ်း၍ ကြွေးမြီအတွက် သက်သေခံအထောက်အထားကို တင်ပြပြီးဖြစ်စေကာမူ ၎င်းတင်ပြထားပြီးဖြစ်သည့် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကို ပြောင်းလဲ ပြင်ဆင်ကြောင်းနှင့် ယင်းသို့ ပြောင်းလဲပြင်ဆင်သည့်အတွက် တင်ပြထားသည့် ကြွေးမြီဆိုင်ရာ သက်သေခံအထောက်အထားကို ပြောင်းလဲပြင်ဆင်လိုပါက ထိုသို့ ပြင်ဆင်ခွင့်ပြုချက်ရရှိရန် ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားရုံးသို့ မည်သည့်အချိန်၌မဆို လျှောက်ထားနိုင်သည်။

(ခ) အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားရုံးက ကျေနပ်လက်ခံပါက မြီရှင်တင်ပြထားသည့် ကြွေးမြီအတွက် သက်သေခံအထောက်အထားကို ပြင်ဆင်ရန် ခွင့်ပြုနိုင်သည်-

(၁) မှားယွင်းသော အချက်အလက်များအပေါ် အခြေခံ၍ အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးအား သဘောရိုးဖြင့် တွက်ချက်ခြင်း။

(၂) အာမခံပစ္စည်း၏တန်ဖိုးသည် ခန့်မှန်းတွက်ချက်မှု ပြုလုပ်ပြီးနောက်မှ ပြောင်းလဲသွားခြင်း။

(ဂ) တရားရုံးသည် မြီရှင်ကို ၎င်း၏ကြွေးမြီအတွက် သက်သေခံအထောက်အထား ပြင်ဆင်ရန် ခွင့်ပြုပါက သင့်တင့်မျှတသည့် စည်းကမ်းချက်များ ထည့်သွင်းသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

**ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်နှင့်ဆိုင်သော သက်သေခံအထောက်အထားများကို စိစစ်ဆုံးဖြတ်ခြင်း**

၁၂၃။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို သက်သေထင်ရှားပြသခြင်း မပြုစေဘဲ ခွင့်ပြုခဲ့ပါက ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို သီးခြား စာဖြင့်ရေးသား ခွင့်ပြုချက်ပေးရန်မလိုဘဲ ကြွေးမြီ ခွဲဝေပေးကြောင်း အကြောင်းကြားစာသည် ထိုကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို လက်ခံကြောင်း လုံလောက်သော သက်သေခံအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမရှိဘဲ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို ငြင်းဆိုခြင်းမပြုရ-

(၁) ထိုကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထား တင်ပြစေခြင်း၊

(၂) ယုံမှတ်အပ်နှံခြင်းခံရသူမှ ငြင်းဆိုသည့် အကြောင်းအရင်းကို မြီရှင်သို့ အသိပေးအကြောင်းကြားခြင်း။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုမြီရှင်ထံမှ စာဖြင့်ရေးသားပေးပို့သည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထား တင်ပြချက်ကို ရရှိပြီး ၂၈ ရက်အတွင်း-

(၁) မြီရှင်က တင်ပြသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထား အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ခွင့်ပြုရမည် သို့မဟုတ်

(၂) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထား အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငြင်းပယ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) ပါ တောင်းဆိုချက်ကို လက်ခံရရှိပြီး ၂၈ ရက်အတွင်း မြီရှင်က တင်ပြသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားကို အထောက်အပံ့ ဖြစ်စေမည့် နောက်ထပ်သက်သေခံအထောက်အထားများ တင်ပြရန် ယုံမှတ်အပ်နှံခြင်း ခံရသူက မြီရှင်ထံသို့ စာဖြင့်ရေးသား တောင်းဆိုနိုင်သည်။ ထိုတောင်းဆိုချက်ကို ပေးပို့ခဲ့ပြီး ဖြစ်ပါက နည်းဥပဒေခွဲ (ဂ) တွင် ရည်ညွှန်းထားသည့် အရေးယူဆောင်ရွက်ရန် အချိန်ကာလ ရေတွက်ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မြီရှင်ထံမှ စာဖြင့်ရေးသားတင်ပြသည့် သင့်တော်သော ပြန်ကြားလွှာတစ်ရပ်ကို လက်ခံရရှိသည့်နေ့မှ စတင်ရေတွက်ရမည်။

(င) နည်းဥပဒေခွဲ (ဂ) အရ ပေးပို့သော တောင်းဆိုချက်ကို ယုံမှတ်အပ်နှံခြင်းခံရသူမှ ထိုနည်းဥပဒေခွဲ သို့မဟုတ် နည်းဥပဒေခွဲ (ဃ) တွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမပြုပါက မြီရှင်သည် ဤကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးမှ အဆုံးအဖြတ်ပေးရန် လျှောက်ထားနိုင်သည်။

(စ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံ အထောက်အထားများ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငြင်းပယ်ပါက ၎င်းသည် ၇ ရက်အတွင်း-

(၁) ငြင်းပယ်ရသည့်အကြောင်းရင်းကို မြီရှင်သို့ စာဖြင့် အကြောင်းကြားရမည်။

(၂) ယင်းအကြောင်းကြားစာ၌ အောက်ပါအချက်အလက်များ ဖော်ပြပါရှိရမည်-

(ကက) မီရှင်သည် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အပေါ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် ယင်းဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန်အလို့ငှာ အကြောင်းကြားစာတွင် ဖော်ပြထားသည့် အချိန်အတွင်း သို့မဟုတ် အကြောင်းကြားစာ ပေးပို့ပြီးနောက် ၁၄ ရက်ထက်မနည်းသော အချိန်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်ခွင့်ပြုသည့် ကာလအတွင်းဖြစ်စေ လျှောက်ထားနိုင်ကြောင်း၊

(ခခ) နည်းဥပဒေခွဲငယ်စိတ် (ကက) ပါအတိုင်း ပြန်လည်သုံးသပ်ပေးရန် မီရှင်မှ လျှောက်ထားခြင်းမပြုပါက ၎င်း၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက် ပမာဏကို မီရှင်မှတင်ပြသော သက်သေခံအထောက်အထားများအပေါ် မူတည်လျက် ယုံမှတ်အပ်နှံခြင်းခံရသူက တန်ဖိုးသတ်မှတ် ဆုံးဖြတ်မည်ဖြစ်ကြောင်း။

**ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်း**

၁၂၄။ (က) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များအပေါ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် ထိုကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားကို ငြင်းပယ်ခဲ့သည့် ဆုံးဖြတ်ချက်အပေါ် ပြန်လည်သုံးသပ်ပေးရန် အောက်ပါကာလအတွင်း လျှောက်ထားနိုင်သည်-

(၁) မည်သည့်အတွက် ငြင်းပယ်ရကြောင်း သိသာနိုင်ရန် အကြောင်းကြားစာတွင် ဖော်ပြပါရှိသည့် အချိန် သို့မဟုတ်

(၂) တရားရုံးက ခွင့်ပြုသည့် တိုးမြှင့်သတ်မှတ်ထားသော အချိန်ကာလအတွင်း။

(ခ) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အချိန်ကာလ ကုန်ဆုံးစေကာမူ တရားရုံးသည် နည်းဥပဒေခွဲ (က) ပါ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုအတွက် စည်းကမ်းသတ်ကာလကို တိုးမြှင့်သတ်မှတ်နိုင်သည်။

(ဂ) ဤနည်းဥပဒေတွင် ဖော်ပြထားသည့် အချိန်ကာလ မကုန်ဆုံးမီဖြစ်စေ၊ ကုန်ဆုံးပြီးနောက်ဖြစ်စေ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူတစ်ဦးက ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုအတွက် ခွင့်ပြုသော စည်းကမ်းသတ်ကာလကို တရားရုံးက တိုးမြှင့်သတ်မှတ်နိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်း**

၁၂၅။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားကို မှားယွင်း၍ ခွင့်ပြုခဲ့သည်ဟု ယူဆပါက-

(၁) သက်သေခံအထောက်အထားကို ခွင့်ပြုခဲ့သည့် ဆုံးဖြတ်ချက်အား ပြန်လည်ရုပ်သိမ်းပြီး အားလုံးကို ငြင်းပယ်နိုင်သည် သို့မဟုတ်

(၂) ခွင့်ပြုခဲ့သည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ပမာဏကို တိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်းဖြင့် သက်သေခံအထောက်အထား တင်ပြရန် ခွင့်ပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပြင်ဆင်နိုင်သည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူက ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားအားလုံးကို မှားယွင်း၍ ငြင်းပယ်ခဲ့သည်ဟု ယူဆပါက-

(၁) ယင်းသက်သေခံအထောက်အထားအား ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို ပြန်လည် ရုပ်သိမ်းနိုင်သည် သို့မဟုတ်

(၂) သက်သေခံအထောက်အထားအားလုံးကို ခွင့်ပြုနိုင်သည် သို့မဟုတ် တစ်စိတ်တစ်ဒေသကို ခွင့်ပြုပြီး တစ်စိတ်တစ်ဒေသကို ငြင်းပယ်နိုင်သည်။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူသည်-

(၁) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားများကို ခွင့်ပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းပြီး၊ အားလုံးကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ်

(၂) ခွင့်ပြုခဲ့ပြီးဖြစ်သည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ပမာဏကို လျှော့ချခြင်းဖြင့် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခဲ့လျှင်၊

ယုံမှတ်အပ်နှံခြင်းခံရသူသည် ပြန်လည်ရုပ်သိမ်းရန် သို့မဟုတ် ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ရသည့် အကြောင်းပြချက်ကို စာဖြင့်ရေးသားလျက် သက်ဆိုင်ရာ မြီရှင်ထံ အကြောင်းကြားရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူမှ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားများကို ခွင့်ပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းပြီး၊ အားလုံးကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ခွင့်ပြုခဲ့ပြီးဖြစ်သည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ပမာဏကို လျှော့ချခြင်းဖြင့် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခဲ့လျှင် မြီရှင်သည် အောက်ပါတို့အား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ချက်ချင်းပေးအပ်ရမည်-

(၁) သက်သေခံအထောက်အထားအတွက် ရရှိခဲ့သည့်ဝေစု ခွဲဝေပေးမှု သို့မဟုတ်

(၂) ပမာဏလျှော့ချခဲ့သည့် ဆုံးဖြတ်ချက်အရ မြီရှင်က ရရှိမည့်ပမာဏထက် ကျော်လွန်၍ ရရှိခဲ့သောပမာဏ။

(င) ယုံမှတ်အပ်နှံခြင်းခံရသူမှ အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်ခဲ့ပြီး ထိုသို့ ပြင်ဆင်ခဲ့သည့် ဆုံးဖြတ်ချက်ကြောင့် မြီရှင်ကို ခွင့်ပြုခဲ့ပြီးဖြစ်သည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက် ပမာဏထက် ပိုမိုရရှိလာပါက ထိုမြီရှင်သည် နောက်ထပ်ခွဲဝေပေးမှုများမပြုလုပ်မီ ယုံမှတ်အပ်နှံခြင်းခံရသူ၏ လက်ဝယ်တွင် လတ်တလောရှိနေသည့် ရနိုင်သောငွေအနက်မှ ထပ်တိုးပမာဏ သို့တည်းမဟုတ် ခွင့်ပြုခဲ့ပြီးဖြစ်သည့် ထပ်တိုးပမာဏကို ရထိုက်ခွင့်ရှိစေရမည်-

(၁) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားအားလုံးကို ငြင်းပယ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်း သို့မဟုတ်

(၂) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထား၏ တစ်စိတ်တစ်ဒေသကို ခွင့်ပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပြင်ဆင်ဆုံးဖြတ်ခဲ့ခြင်း။

(စ) ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်း၏ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုမီကတည်းက ထုတ်ပြန်ကြေညာပြီးဖြစ်သည့် ကြွေးမြီ ခွဲဝေပေးမှုများကို မည်သည့်မြီရှင်ကမှ ဝင်ရောက်တားမြစ်ပိုင်ခွင့် မရှိစေရ။

**ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်နှင့်ဆိုင်သော သက်သေခံအထောက်အထားကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်း**

၁၂၆။ မြီရှင်သည် ယုံမှတ်အပ်နှံခြင်းခံရသူ၏ သဘောတူညီချက်ဖြင့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားကို ပြန်လည်ရုပ်သိမ်းခြင်း၊ လျှော့ချခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

**ဝေစုသတ်မှတ် ခွဲဝေပေးခြင်း**

**လက်ခံခွင့်ပြုထားသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကိုသာ ဝေစုသတ်မှတ်ခွဲဝေပေးခြင်း**

၁၂၇။ ယုံမှတ်အပ်နှံခြင်းခံရသူက ခွင့်ပြုထားပြီးဖြစ်သည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ပမာဏကိုသာ ဝေစုသတ်မှတ်ခွဲဝေပေးသည့်ရက်တွင် သက်ဆိုင်ရာမြီရှင်သို့ ခွဲဝေပေးနိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူက ဝေစုသတ်မှတ်ခွဲဝေပေးရန် ရည်ရွယ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း**

၁၂၈။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် ဥပဒေပုဒ်မ ၁၀၄၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၁၀၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအလိုက်ငှာ ဝေစုခွဲဝေပေးရန် သို့မဟုတ် အပြီးသတ်ခွဲဝေမှုပြုရန် ရည်ရွယ်ကြောင်း အကြောင်းကြားစာကို ရည်ရွယ်သည့်ရက်မတိုင်မီ ၁ လထက်မပိုဘဲ ကြွေးမြီ သို့မဟုတ် တောင်းခံခြင်းကို ခွင့်ပြုခြင်းမခံရသည့် မြီရှင်များနှင့် အောက်ပါပုဂ္ဂိုလ်တို့ထံ စာဖြင့် ပေးပို့ရမည်-

(၁) လူမွဲ၏ စာအုပ်စာတမ်းများနှင့် မှတ်တမ်းများတွင် မြီရှင်ဖြစ်ကြောင်း ပေါ်ပေါက်နေသူ သို့မဟုတ်

(၂) ယုံမှတ်အပ်နှံခြင်းခံရသူ၏ ကိုယ်တိုင်သိရှိမှုအရ လူမွဲ၏မြီရှင်အဖြစ် တောင်းဆိုသူ သို့မဟုတ် တောင်းဆိုနိုင်ဖွယ်ရှိသူ။

(ခ) နည်းဥပဒေခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာတွင် ထိုစာပေးပို့သည့် ရက်စွဲနှင့် ၂၁ ရက်ထက်မနည်းသော နေ့ရက်တစ်ရက်ကို သတ်မှတ်ဖော်ပြရမည်။ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထား တင်ပြလိုသူသည် ထိုသတ်မှတ် ရက်ထက် နောက်မကျစေဘဲ အဆိုပါ သက်သေခံအထောက်အထားအပြင် အောက်ပါ အချက်အလက်များကိုလည်း တင်ပြရမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်-

(၁) လူမွဲအမည်၊

(၂) လူမွဲ၏ ကုန်သွယ်မှုအမည် သို့မဟုတ် စီးပွားရေးလုပ်ငန်းအမည်။

(ဂ) မြီရှင်ဖြစ်ကြောင်း တင်ပြသူ မည်သူမဆို နည်းဥပဒေခွဲ (က) အရ ပေးပို့သည့် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ရက် သို့မဟုတ် ထိုရက်မတိုင်မီ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက် သက်သေခံအထောက်အထားကို တင်ပြခြင်းမရှိလျှင် အဆိုပါ အကြောင်းကြားစာနှင့်သက်ဆိုင်သည့် ခွဲဝေမှုတွင် ၎င်းအနေဖြင့် ဝေစုရထိုက်ခွင့် မရှိစေရ။

**ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်နှင့်စပ်လျဉ်း၍ သက်သေခံအထောက်အထား တင်ပြရန် သတ်မှတ်ထားသော အချိန်ကာလ**

၁၂၉။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် နည်းဥပဒေခွဲ ၁၂၈ အရ အကြောင်းကြားစာ ပေးပို့ခဲ့လျှင် ယင်းနည်းဥပဒေခွဲ (ခ) နှင့်အညီ ဝေစုခွဲဝေပေးရန် သတ်မှတ်ဖော်ပြထားသည့်ရက် ပြီးနောက် ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုသည့် တိုးမြှင့်သတ်မှတ်သည့်ရက်အတွင်း ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို ခွင့်ပြုခြင်း သို့မဟုတ်

(၂) ငြင်းပယ်ခြင်း သို့မဟုတ်

(၃) တစ်စိတ်တစ်ဒေသကို ခွင့်ပြုပြီး၊ တစ်စိတ်တစ်ဒေသကို ငြင်းပယ်ခြင်း သို့မဟုတ်

(၄) ယင်းကိုထောက်ခံမည့် နောက်ထပ် သက်သေခံအထောက်အထားတို့ကို တောင်းခံရမည့်အပြင်၊

(၅) ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆုံးဖြတ်ချက်ကို သက်သေခံအထောက်အထားများ တင်ပြခဲ့သည့် မြီရှင်ထံ အကြောင်းကြားစာ ပေးပို့ခြင်း။

(ခ) နည်းဥပဒေခွဲ (က) နှင့်အညီ တင်ပြခဲ့သော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားများကို ယုံမှတ်အပ်နှံခြင်းခံရသူက အရေးယူဆောင်ရွက်ခြင်း မပြုပါက ထိုသက်သေခံအထောက်အထား တင်သွင်းသည့် မြီရှင်သည် အဆိုပါ သက်သေခံ အထောက်အထားများကို ယုံမှတ်အပ်နှံခြင်းခံရသူက ငြင်းပယ်ဘိသကဲ့သို့ မှတ်ယူကာ နည်းဥပဒေ ၁၂၄ အရ တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) မြီရှင်မှ တင်ပြထားသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားနှင့် စပ်လျဉ်း၍ နောက်ထပ် သက်သေခံအထောက်အထားများတင်ပြရန် ယုံမှတ်အပ်နှံခြင်းခံရသူက မြီရှင်ထံသို့ စာဖြင့်ရေးသားတောင်းဆိုနိုင်သည်။ ထိုသို့ တောင်းဆိုခဲ့ပါက နည်းဥပဒေခွဲ (က) တွင် ရည်ညွှန်းထားသည့် အရေးယူဆောင်ရွက်ရန် အချိန်ကာလကို စတင်ရေတွက်ရာတွင် ယုံမှတ်အပ်နှံခြင်းခံရသူက မြီရှင်ထံမှ သင့်တော်သည့် စာဖြင့်ရေးသား ပြန်ကြားလွှာကို လက်ခံရရှိသည့်နေ့မှ စတင်ရေတွက်ရမည်။

**ဝေစုသတ်မှတ်ခွဲဝေပေးရန် ကြေညာခြင်းနှင့် ခွဲဝေပေးခြင်း**

၁၃၀။ ယုံမှတ်အပ်နှံခြင်းခံရသူသည် ကြွေးမြီအချိုးကျခွဲဝေမှုများကို ထုတ်ပြန်ကြေညာချက် ပြုလုပ်ခဲ့လျှင် ၎င်းသည် ထိုကြေညာချက်ကို အချိုးကျခွဲဝေမှု၌ ရထိုက်ခွင့်ရှိသူအားလုံးထံ ပေးပို့ရမည်။

**ဝေစုသတ်မှတ်ခွဲဝေပေးမည်ဖြစ်ကြောင်း ကြေညာခြင်းမပြုမီ ကြွေးမြီရှိကြောင်း သက်သေပြထားခြင်း မရှိသော မြီရှင်၏အခွင့်အရေး**

၁၃၁။ (က) မြီရှင်၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို ဝေစုသတ်မှတ် ခွဲဝေပေးမည်ဖြစ်ကြောင်း ကြေညာခြင်းမပြုမီက ခွင့်မပြုရသေးသော်လည်း နောက်ပိုင်းတွင် ခွင့်ပြုလျှင်၊ မြီရှင်ထံ နောက်ထပ် ဝေစုခွဲဝေပေးခြင်း မပြုရသေးမီ ယင်းအချိန်၌ ယုံမှတ်အပ်နှံခြင်းခံရသူ၏ လက်ဝယ်ရှိရနိုင်သည့်ငွေများထဲမှ ထိုမြီရှင် လက်ခံရရှိခြင်းမရှိသေးသည့် ဝေစုကို ရပိုင်ခွင့်ရှိသည်။

(ခ) မြီရှင်တစ်ဦး၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို ခွင့်ပြုရခြင်းမရှိသေးမီကတည်းက ထုတ်ပြန်ကြေညာပြီးဖြစ်သည့် ကြွေးမြီခွဲဝေပေးမှုများကို ထိုမြီရှင်မှ ဝင်ရောက်တားမြစ်ပိုင်ခွင့် မရှိစေရ။

**မြီရှင်များနှင့် ညှိနှိုင်းခြင်း သို့မဟုတ် လုပ်ငန်းအစီအစဉ် ပြုလုပ်ခြင်း**

**ညှိနှိုင်းခြင်း သို့မဟုတ် လုပ်ငန်းအစီအစဉ် ပြုလုပ်ရန် အဆိုပြုချက်**

၁၃၂။ ဥပဒေပုဒ်မ ၃၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ မြီရှင်များသို့ တင်ပြသည့် လူမွဲ၏ ကြွေးမြီများကို သဘောတူကျေနပ်မှု ရရှိနိုင်စေမည့် ညှိနှိုင်းမှု အဆိုပြုချက် သို့မဟုတ် ယုံမှတ်အပ်နှံသူထံ တင်ပြသည့် လုပ်ငန်းအစီအစဉ်တွင် အောက်ပါတို့ ပါဝင်ရမည်-

(က) အဆိုပြုချက်ကို အတည်ပြုသည့်အချိန်တွင် လူမွဲက ပစ္စည်းကို ပိုင်ဆိုင်ပြီးသည်ဖြစ်စေ၊ ပိုင်ဆိုင်ခြင်း မရှိသေးသည်ဖြစ်စေ မြီရှင်၏ တောင်းဆိုချက်များကိုပေးရန် အသင့်ရှိနေသည့် လူမွဲပိုင်ပစ္စည်းအားလုံး၊

(ခ) ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ် အဆိုပြုချက်၏ သဘောသဘာဝနှင့် ဆိုင်းငံ့ကာလ၊

(ဂ) ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ် အဆိုပြုချက် စတင်အကောင်အထည်ဖော် လည်ပတ်နိုင်ရန်အတွက် ကိုက်ညီမည့် စည်းကမ်းချက်များ၊

(ဃ) ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ် အဆိုပြုချက်ကို ဆက်လက်အကောင်အထည်ဖော် လည်ပတ်ခြင်းမပြုမီ ဆောင်ရွက်ရန် လိုအပ်သည့် အချက်အလက်များ၊

(င) နည်းဥပဒေခွဲ (ဈ) တွင် ရည်ညွှန်းထားသည့် ပစ္စည်းများကို ထုခွဲရာမှ ရရှိသောငွေကြေးကို ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ် အဆိုပြုချက်နှင့် အကျုံးဝင်သော မြီရှင်များအကြား ခွဲဝေမည့် အစီအစဉ်၊

(စ) ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ် အဆိုပြုချက်တွင် အကျုံးဝင်စေရန် မည်သည့်နေ့ သို့မဟုတ် မည်သည့်နေ့မတိုင်မီ တောင်းဆိုချက်များကို တင်ပြရမည်ဖြစ်ကြောင်း သတ်မှတ်ရက်၊

(ဆ) ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်၏ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၏ အကျိုးဆက်များ၊

(ဇ) ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ရပ်စဲစေမည့် အခြေအနေများ၊

(ဈ) ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ် ရပ်စဲခြင်း၏ အကျိုးဆက်များ။

## တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းဆိုင်ရာပြစ်မှုများ

### ပိုင်ဆိုင်မှုကို ဝှက်သိမ်းထားခြင်း သို့မဟုတ် ဖယ်ရှားခြင်း၊ ထွက်ပြေးတိမ်းရှောင်ခြင်း

၁၃၃။ အောက်ပါတို့တွင် သတ်မှတ်ထားသော ငွေပမာဏမှာ ကျပ် ငါးသိန်း ဖြစ်သည်-

(က) ဥပဒေပုဒ်မ ၃၃၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊

(ခ) ဥပဒေပုဒ်မ ၃၃၅၊ ပုဒ်မခွဲ (ခ)၊

(ဂ) ဥပဒေပုဒ်မ ၃၃၉၊ ပုဒ်မခွဲ (က) နှင့်

(ဃ) ဥပဒေပုဒ်မ ၃၄၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)။

## အထူးမန်နေဂျာ ခန့်ထားခြင်း

### အထူးမန်နေဂျာ ခန့်ထားခြင်း

၁၃၄။ (က) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ပုဒ်မ ၃၄၇၊ ပုဒ်မခွဲ (က) အရ အထူးမန်နေဂျာခန့်ထားပေးရန် တရားရုံးသို့ လျှောက်ထားရာတွင် လျှောက်ထားရသည့် အကြောင်းပြချက်ကို အစီရင်ခံစာဖြင့် တင်ပြရမည်။ ထိုအစီရင်ခံစာတွင် အထူးမန်နေဂျာက စီမံခန့်ခွဲရမည့် လူမွဲပိုင်ပစ္စည်း သို့မဟုတ် စီးပွားရေးလုပ်ငန်းတို့၏ ခန့်မှန်းခြေတန်ဖိုး ပါရှိရမည်။

(ခ) အထူးမန်နေဂျာ ခန့်အပ်သည့် တရားရုံးအမိန့်တွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) လျှောက်ထားမှု အသေးစိတ်ဖော်ပြချက်၊

(၂) အမိန့်ချမှတ်သည့် တရားသူကြီး၏အမည်နှင့် ရာထူး၊

(၃) လျှောက်ထားသူ၏အမည်နှင့် နေရပ်လိပ်စာ၊

(၄) အထူးမန်နေဂျာအဖြစ် ခန့်အပ်ရန် အဆိုပြုခံရသူ၏အမည်နှင့် နေရပ်လိပ်စာ၊

(၅) အဆိုပြုခံရသူကို အထူးမန်နေဂျာအဖြစ် ခန့်အပ်သည့်အမိန့်၊

(၆) မြီစားပိုင်ပစ္စည်း သို့မဟုတ် လူမွဲပိုင်ပစ္စည်းအပေါ် အထူးမန်နေဂျာ၏ တာဝန်ရှိမှု အသေးစိတ်အချက်အလက်၊

(၇) ပုဒ်မ ၃၄၇၊ ပုဒ်မခွဲ (ဂ) အရ အထူးမန်နေဂျာအား အပ်နှင်းသည့် အာဏာများ၊

(၈) ခန့်အပ်မှုအတွက် လိုအပ်သည့် အာမခံတင်ပြရန် အထူးမန်နေဂျာကို ခွင့်ပြုထားသည့်အချိန်၊

(၉) အောက်ပါအခြေအနေတစ်ရပ်ရပ်အတွက် အထူးမန်နေဂျာ ခန့်အပ်သည့် အချိန်ကာလ-

(ကက) အမိန့်တွင်ဖော်ပြထားသည့် ပုံသေကာလ၊

( ခခ ) သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်တစ်ခု ဖြစ်ပေါ်သည်အထိ၊

( ဂဂ ) တရားရုံးက နောက်ထပ်အမိန့် တစ်စုံတစ်ရာ ချမှတ်သည်အထိ။

(၁၀) အထူးမန်နေဂျာ အခကြေးငွေကို တရားရုံးက အခါအားလျော်စွာ သတ်မှတ်ပေးမည်ဖြစ်ကြောင်း ဖော်ပြသည့်အမိန့်၊

(၁၁) အမိန့်ချမှတ်သည့်ရက်စွဲ။

(ဂ) အထူးမန်နေဂျာ ခန့်အပ်ခြင်းကို တရားရုံး၏အမိန့်ဖြင့် သက်တမ်းတိုးနိုင်သည်။

**အာမခံ**

၁၃၅။ (က) အထူးမန်နေဂျာအဖြစ် ခန့်အပ်ခြင်းခံရသူက အာမခံတင်ပြခြင်းမပြုသေးသရွေ့ သို့မဟုတ် တရားရုံး၏ခွင့်ပြုချက်ဖြင့် လျှောက်ထားသူက အာမခံတင်ပြခြင်းမပြုသေးသရွေ့ ထိုခန့်အပ်မှုသည် စတင်အကျိုးသက်ရောက်မှုမရှိစေရ။

(ခ) အထူးမန်နေဂျာအဖြစ် ခန့်အပ်ခြင်းခံရသည့်သူသည် လုပ်ငန်းခံယူမှုတစ်ခုအတွက် သီးသန့် သို့မဟုတ် ထိုသူအား အထူးမန်နေဂျာအဖြစ် ခန့်အပ်သည့် မည်သည့်လုပ်ငန်းခံယူမှုတစ်ခုခု အတွက်မဆို ယေဘုယျအားဖြင့် အာမခံတင်ပြနိုင်သည်။

(ဂ) အာမခံပမာဏသည် အထူးမန်နေဂျာ ခန့်အပ်မှုအတွက် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် လုပ်ငန်းပိုင်ပစ္စည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း တန်ဖိုးထက် မနည်းစေရ။

(ဃ) အထူးမန်နေဂျာသည် လျှောက်ထားသူထံသို့ အာမခံတင်ပြထားပါက ယင်းအာမခံသည် လုံလောက်မှုရှိကြောင်း သက်သေခံလက်မှတ်ကို လျှောက်ထားသူက တရားရုံးသို့ တင်ပြရမည်။

(င) အာမခံတင်ပြရာတွင် ကုန်ကျသည့်စရိတ်ကို အထူးမန်နေဂျာက ပထမဆုံးအဆင့်တွင် ပေးရမည်။ သို့ရာတွင်-

(၁) လုပ်ငန်းအဖြစ်ခံယူစေသည့်အမိန့်ကို ချမှတ်ခြင်းမပြုသည့်အခါ အာမခံတင်ပြရာတွင် ကုန်ကျသည့် စရိတ်ကို မြီစားပိုင်ပစ္စည်းမှ ပြန်အမ်းယူခွင့်ပြုကြောင်း တရားရုံးက အမိန့်ချနိုင်သည်၊ ထို့အပြင်

(၂) လုပ်ငန်းအဖြစ်ခံယူစေသည့်အမိန့်ကို ချမှတ်သည့်အခါ အထူးမန်နေဂျာသည် အထက်ပါ ကုန်ကျစရိတ်ကို ဦးစားပေးကြွေးမြီကဲ့သို့ လုပ်ငန်းပိုင်ပစ္စည်းအနက်မှ ပြန်လည်ရယူခွင့်ရှိသည်။

**အာမခံတင်ပြရန် သို့မဟုတ် ထိန်းသိမ်းထားရန် ပျက်ကွက်ခြင်း**

၁၃၆။ (က) အထူးမန်နေဂျာ ခန့်အပ်မိန့်တွင် ဖော်ပြထားသည့်အချိန်အတွင်း သို့မဟုတ် ထိုအချိန်ကို သက်တမ်းတိုးခွင့်ပြုထားလျှင် ယင်းအချိန်အတွင်း အထူးမန်နေဂျာသည် အာမခံတင်ပြ နိုင်ခြင်းမရှိပါက တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ထိုပျက်ကွက်မှုကို တရားရုံးသို့ အစီရင်ခံရမည်ဖြစ်ပြီး တရားရုံးက အထူးမန်နေဂျာခန့်အပ်မှု အမိန့်ကို ပယ်ဖျက် နိုင်သည်။

(ခ) အထူးမန်နေဂျာသည် အာမခံကို ထိန်းသိမ်းထားရန် ပျက်ကွက်ပါက ထိုပျက်ကွက်မှုကို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ အစီရင်ခံရမည်ဖြစ်ပြီး တရားရုံးက အထူးမန်နေဂျာကို ရာထူးမှဖယ်ရှားနိုင်ပြီး ကုန်ကျစရိတ်အတွက် မျှတသည်ဟု ထင်မြင်သည့်အမိန့်ကိုလည်း ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် အထူးမန်နေဂျာ ခန့်အပ်သည့်အမိန့်ကို ပယ်ဖျက်လျှင် သို့မဟုတ် အထူးမန်နေဂျာကို ရာထူးမှဖယ်ရှားသည့်အမိန့်ကို ချမှတ်ခဲ့လျှင် နောက်ထပ် အထူးမန်နေဂျာ ခန့်အပ်ရန် သင့် မသင့်နှင့် ခန့်အပ်မည်ဆိုပါက ဆောင်ရွက်ရမည့်အဆင့်များကို ညွှန်ကြားရမည်။

**ငွေစာရင်း**

၁၃၇။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ အတည်ပြုချက် ရရှိရန်အလို့ငှာ အထူးမန်နေဂျာသည် ငွေလက်ခံ ရရှိမှုနှင့် ပေးချေမှုများ အသေးစိတ်အချက်အလက်များ ပါဝင်သည့် ငွေစာရင်းကို ပြုစုတင်ပြ ရမည်။

(ခ) ငွေစာရင်းသည် အောက်ပါကာလများအတွက် ဖြစ်ရမည်-

(၁) အထူးမန်နေဂျာ ခန့်အပ်ထားသည့်ကာလအတွင်း သုံးလလျှင် တစ်ကြိမ် သို့မဟုတ်

(၂) အထူးမန်နေဂျာ ခန့်အပ်ထားမှု ရပ်စဲလိုက်ပါက ယင်းကာလသည် ပိုမိုတိုတောင်းသည့် ကာလတစ်ခုဖြစ်လျှင် ယင်းကာလ။

(ဂ) ငွေစာရင်းအား အတည်ပြုပြီးသည့်အခါ အထူးမန်နေဂျာ၏ လက်ခံရရှိမှုနှင့် ပေးချေမှုများကို ယုံမှတ်အပ်နှံခြင်းခံရသူ၏ စာရင်းများတွင် ထည့်ပေါင်းရမည်။

**ခန့်အပ်မှု ရုပ်သိမ်းခြင်း**

၁၃၈။ (က) အထူးမန်နေဂျာ ခန့်အပ်မှုသည် အောက်ဖော်ပြပါ အခြေအနေများတွင် ရပ်စဲသည်-

(၁) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာကို ပလပ်လျှင်ဖြစ်စေ၊

(၂) ဥပဒေပုဒ်မ ၂၇၂၊ ပုဒ်မခွဲ (က) အရ ယာယီပစ္စည်းထိန်းကို ခန့်အပ်ခဲ့သည်ဆိုပါက လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းမပြုမီ ထိုခန့်ထားမှု ပြီးဆုံးခဲ့လျှင်ဖြစ်စေ။

(ခ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက အထူးမန်နေဂျာ ခန့်အပ်မှုသည် ဆက်လက်လိုအပ်မည်မဟုတ်ဟု သို့မဟုတ် လူမွဲပိုင်ပစ္စည်းအတွက် အကျိုးရှိမည်မဟုတ်ဟု ထင်မြင်ပါက တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် တရားရုံးအမိန့်ရရှိရန် လျှောက်ထားရမည်ဖြစ်ပြီး တရားရုံးသည် အထူးမန်နေဂျာ ခန့်အပ်မှုကို ရပ်စဲသည့်အမိန့်ချမှတ်ပေးနိုင်သည်။

(ဂ) မြီရှင်များက ခန့်အပ်မှုကို ရပ်စဲသင့်ကြောင်း ဆုံးဖြတ်လျှင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် တရားရုံးသို့ တင်ပြလျှောက်ထားပေးရမည်။

[ **ဆက်လက်ဖော်ပြပါမည်။** ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၃/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးမောင်မောင် ကို ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၄/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးဟိုပိန် ကို မွန်ပြည်နယ်၊ ပေါင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါ်ခင်မေဆန်း ကို မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၇/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါ်ဒေါင်လာမ့် ကို ကချင်ပြည်နယ်၊ ချီဖွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၈/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးယုကြိုင် ကို မွန်ပြည်နယ်၊ သထုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်)

**စက်သုံးဆီဆိုင်အမှတ် (၀၆၁၀)၊ မန္တလေး၏ မြေဧရိယာနှင့်တန်ဖိုးပြင်ဆင်ခြင်း**

၁။ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၀) ၏ သဘောတူအတည်ပြုချက်အရ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင် (၅) ဆိုင်အား ကောင်းဇော်ဟိန်း ကုမ္ပဏီလီမိတက်သို့ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၁) ဖြင့် လွှဲပြောင်းရောင်းချခဲ့ပါသည်။

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၆၁၀) ကို မြေ (၀. ၀၉၄) ဧကဖြင့် ရောင်းချခဲ့သော်လည်း မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက လွှဲပြောင်းပေးရာတွင် မြေ (၀. ၀၉၆) ဧက ဖြစ်ပါ၍ မြေ (၀. ၀၀၂) ဧက ပိုနေသည်ကို တွေ့ရှိရပါသည်။ ကော်မရှင်၏ (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ထိုပိုမြေ (၀. ၀၀၂) ဧကအတွက် ယခင်ရောင်းချခဲ့စဉ်က နှုန်းထားဖြင့် တွက်ချက်ရရှိသည့် တန်ဖိုးငွေ ကျပ် ၀. ၂ သန်း ပေးသွင်းစေခြင်းကို ကောင်းဇော်ဟိန်းကုမ္ပဏီ လီမိတက်က ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ထပ်မံပေးသွင်းခဲ့ပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်စွဲပါစာဖြင့် တင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၁) ပါ အပိုဒ် (၁)၊ စဉ် ၂။ ကို အောက်ပါအတိုင်းပြင်ဆင်သတ်မှတ်လိုက်သည်။

| စဉ် | စက်သုံးဆီဆိုင်အမည် | မြေဧရိယာ(ဧက) | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|
| ၁။ | xxxxxxxxxxxxxxxx | xxxxx | xxxxx |
| ၂။ | (၀၆၁၀)၊ မန္တလေး | ၀. ၀၉၆ | ၂၅. ၉၂၅ |
| ၃။ | xxxxxxxxxxxxxxxx | xxxxx | xxxxx |
| ၄။ | xxxxxxxxxxxxxxxx | xxxxx | xxxxx |
| ၅။ | xxxxxxxxxxxxxxxx | xxxxx | xxxxx |
| | **စုစုပေါင်း** | | xxxxx |

မောင်မောင်ဝင်း

တွဲဖက်အတွင်းရေးမှူး

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၂၃/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)

ကတ္တာမန္ဒူးမြို့၊ မြန်မာသံရုံးမှ သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၆/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်)

၁။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်ဟူသော နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ဖော်ပြပါ အရာထမ်း/အမှုထမ်းများဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

ဦးစိုးကိုကို ဥက္ကဋ္ဌ
ဒုတိယအမြဲတမ်းအတွင်းဝန်

**(က) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးအောင်သိမ်းဦး<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၃၄<br>branch1.naypyitaw.myanmar@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်ထက်ထက်ဇော်<br>လက်ထောက်<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၉၅<br>htetzaw.hhz@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးကျော်နေစိုး<br>ရုံးအုပ် | ၀၆၇-၄၁၂၅၈၉<br>kns.victory@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) ဦးစီးဌာနအလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) ဝန်ကြီးဌာန ဝန်ထမ်းများနှင့် သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) အဖွဲ့ (၁) ထံသို့ ဆက်လက်သတင်းပို့ခြင်း၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်း တူညီသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**(ခ) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးကျော်စိုးသိန်း<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၅၈၉<br>soemyr@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်မေသက်ထွန်း<br>ဒုတိယ<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၄၄၇<br>htunmaythet@gmail.com | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၃) | ဒေါ်ခိုင်ခိုင်လင်း<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၁၇<br>khynekhynelynn@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့် သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) အဖွဲ့ (၂) ထံသို့ ဆက်လက်သတင်းပို့ခြင်း၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်း တူညီသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## (ဂ) ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၁)

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်ဇာဇာမင်းသော်<br>ဒုတိယ<br>ညွှန်ကြားရေးမှူး | ၀၁-၂၂၀၄၁၅<br>zarzarmt@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးရဲမြင့်အောင်<br>လက်ထောက်<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၅၁<br>gabriel.hn.cca@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်နုနုဝေ<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၆၅၅<br>wainunu86@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁) မှ ပေးပို့လာသော ကိစ္စရပ်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံ စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှုမှန်ကန်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှုဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ ထံသို့ အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံ တင်ပြခြင်း။

## (ဃ) ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၂)

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးဇော်နိုင်ဝင်း<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၆၄၅<br>zawwin1965@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးတင်ဝင်းအောင်<br>ဒုတိယ<br>ညွှန်ကြားရေးမှူး | ၀၁-၂၁၂၈၄၀<br>tinwinaungbj@gmail.com | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၃) | ဒေါ်ဝေမွန်ကျော်<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၅၄<br>waimkyaw@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂) မှပေးပို့လာသော ကိစ္စရပ်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံ စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှုဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ ထံသို့ အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေ များကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံ တင်ပြခြင်း။

## ( င ) ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုးကိုကို<br>ဒုတိယ<br>အမြဲတမ်းအတွင်းဝန် | ၀၆၇-၄၁၂၃၃၅<br>soekoko.mofa@gmial.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသော်တာအောင်<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၅၉<br>thawtar3000@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်နှင်းဆုမြိုင်<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၄၆<br>hninsumyaing@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက အဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန် ထံသို့ အစီရင်ခံတင်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံစာ ပေးပို့ တင်ပြခြင်း၊

(၂) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှု အခြေအနေများအား သတင်းထုတ်ပြန်ခြင်း၊

(၃) ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများနှင့် ပြည်ပသို့ သွားရောက်တာဝန် ထမ်းဆောင်မည့် ဝန်ထမ်းများအား အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဝန်ကြီးဌာနအတွင်း ပို့ချသည့်သင်တန်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို ဘာသာရပ်တစ်ခုအဖြစ်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေးဆောင်ရွက်ခြင်း။

၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှု ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများထံသို့ အကြံပြုတင်ပြခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ဖွင့်လှစ်ပို့ချသည့် သင်တန်းများ၊ ပညာပေးဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင် ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
စိုးဟန်၊ အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်)

၁။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လဲချားမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်း/အကွက်အမှတ် နှင့် အမည် (၁၆/မင်္ဂလာကွက်သစ်)၊ ဦးပိုင်အမှတ် (၂၀၈)၊ မြေကွက်အမှတ် (၁၅/၂၈)၊ **မြေဧရိယာ ၅. ၅၀ ဧက** ရှိ မြေအား **ဝန်ထမ်းအိမ်ရာနှင့် 66 KV ဓာတ်အားခွဲရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့ လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၀)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (ကွင်းပြင်)၊ ဦးပိုင်အမှတ် (၁၉) ရှိ **မြေဧရိယာ ၅. ၉၇ ဧက** အား **သစ်အချောကိုင်ပရိဘောဂစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခကျပ် **(၁,၈၇၂,၃၈၃)** နှုန်းဖြင့် **ဦးကျော်မြင့် (ခ) ထောက်ချီချန် [၁၃/လရန (နိုင်) ၀၅၄၀၆၇]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၇၉ (မ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၀)

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကိုးပင်ကျေးရွာအုပ်စု ကွင်း/အကွက်အမှတ်နှင့် အမည် (၅၂-A/ကိုးပင်တောင်)၊ မြေကွက်အမှတ် (၃၇၀၊ ၃၈၂၊ ၃၈၃၊ ၁/၃၈၄၊ ၁/၃၈၅၊ ၃၈၈၊ ၃၈၉၊ ၃၉၀၊ ၃၉၁)၊ ဦးပိုင်အမှတ် (၃၁/၁)ရှိ **မြေဧရိယာ ၆. ၉၄ ဧက** အား **ရေနံရှာဖွေရေးနှင့် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆောက်အဦဆောက်လုပ်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ကျပ် **(၂,၄၉၈,၄၀၀)** နှုန်းဖြင့် **ဦးထွန်းလင်းရှိန် [၉/မဟမ (နိုင်) ၀၁၂၀၇၇]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၆ (၁) (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၀)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုလင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၄၃၇က/ညောင်ချောက်အရှေ့)၊ ဦးပိုင်အမှတ် (၁၁) မှ **မြေဧရိယာ ၁၂. ၁၃ ဧက** အား **မြန်မာ့လက်မှုပညာအလုပ်ရုံနှင့်အရောင်းပြခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ကျပ် **(၂,၉၁၁,၂၀၀)** နှုန်းဖြင့် **ဦးကျော်မင်း [၁၂/လသန (နိုင်) ၀၀၄၈၁၂]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၆ (၁)၊ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၀)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၀၅၅/၂၀၁၇) ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာအုပ်စု၊ အကွက်အမှတ်/အမည် (ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် (-) **မြေဧရိယာ ၈. ၈၆ ဧက** ရှိ မြေအား **ရွှေတောင်ဘိလပ်မြေစက်ရုံ အခြေစိုက်စခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် **ဦးအောင်ဇော်နိုင် [၁၂/လမတ (နိုင်) ၀၂၅၇၅၈] အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေတောင်ဘိလပ်မြေစက်ရုံ** သို့ တစ်နှစ်လျှင် မြေငှားရမ်းခ ကျပ် **(၁,၀၆၃,၂၀၀)** နှုန်းဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၇၉ (မ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့် ပြုခဲ့မှုအား **ရွှေတောင်ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကုမ္ပဏီလီမိတက်** အမည်သို့ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** အမည်ပြောင်း ပြင်ဆင်ထုတ်ပေးခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဒေါ်မီမီဝင်း (ပ/၃၄၀၁) အား ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် ၂၃၃ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၇/၂၀၂၀)

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့၊ ဈေးရပ်ကွက်၊ ကွင်းအမှတ်/အမည် (အမှတ် ၂/ဈေးရပ်ကွက်)၊ ဦးပိုင်အမှတ် (၃) ရှိ **မြေဧရိယာ ၄. ၅၃၀ ဧက** အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **မဟာဓာတ်အားလိုင်းမှူးရုံး (အမ်း)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့ လွှဲပြောင်းပေးသော မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၈ ရက်)

၁။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့၊ ထမ္မရာဇ်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၇၅-က/ ထမ္မရာဇ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၂၅/၁) ရှိ **မြေဧရိယာ ၀. ၄၈ ဧက** အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **မြောက်ဦးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့ လွှဲပြောင်းပေးသော မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၉/၂၀၂၀)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ ရှားတောကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၂၂၀/ရှားတောကွင်း)၊ ဦးပိုင်အမှတ် (၈၈၊ ၁၃၅၊ ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၆၊ ၁၄၈၊ ၁၄၉၊ ၁၅၃၊ ၁၅၄၊ ၁၅၉၊ ၁၆၀၊ ၁၇၈၊ ၁၈၆၊ ၁၈၇၊ ၁၉၂၊ ၁၉၃) တို့ရှိ **မြေဧရိယာ ၃၁. ၀၂ ဧက** အား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ **မြန်အောင်ရေနံမြေ** အဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့ လွှဲပြောင်းပေးသော မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၂၆၄/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၁၈၄၅ ယာယီရဲမှူးကြီး အေးသိန်း ၂၆-၄-၂၀၂၀
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲ

(၂) ရဲ ၁၈၅၇ ယာယီရဲမှူးကြီး သန်းထွန်းအောင် ၂၄-၄-၂၀၂၀
ဌာနမှူး၊ လက်နက်ခဲယမ်းနှင့်ပေါက်ကွဲမှုစစ်ဆေးရေးဌာန
မှုခင်းရဲတပ်ဖွဲ့

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၂၇၃/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၁၇၅၄ ယာယီရဲမှူးကြီး ထွန်းမြတ်ကျော် ၂-၅-၂၀၂၀
ကွပ်ကဲမှုအဖွဲ့ခွဲမှူး (မန္တလေး)
လေကြောင်းရဲတပ်ဖွဲ့

(၂) ရဲ ၃၇၅၀ ယာယီရဲမှူးကြီး သန်းထိုက်စိုး ၁-၅-၂၀၂၀
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၉) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၂၇၄/၂၀၂၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီဒုတိယရဲမှူးကြီး (၄) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၂၇၉၇ ယာယီဒုတိယရဲမှူးကြီး သက်နိုင်ထွန်း ၂၄-၄-၂၀၂၀
ခရိုင်ရဲတပ်ဖွဲ့မှူး၊ တောင်ပိုင်းခရိုင်
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

(၂) ရဲ ၂၅၈၇ ယာယီဒုတိယရဲမှူးကြီး မြင့်မောင် ၂၃-၄-၂၀၂၀
ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရွှေဘိုခရိုင်
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၃) ရဲ ၂၆၉၇ ယာယီဒုတိယရဲမှူးကြီး ကျော်ချစ် တပ်ဖွဲ့ခွဲမှူး၊ အမှတ် (၉) တပ်ဖွဲ့ခွဲမှူးရုံး (အထူးတပ်ဖွဲ့ခွဲ)၊ သတင်းရဲတပ်ဖွဲ့ — ၂၅-၄-၂၀၂၀

(၄) ရဲ ၂၈၀၁ ယာယီဒုတိယရဲမှူးကြီး စိန်ဝင်း ခရိုင်ရဲတပ်ဖွဲ့မှူး၊ ညောင်ဦးခရိုင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ၂-၅-၂၀၂၀

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၅/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီးမှ ရဲထောက်ချုပ် ရဲ ၁၇၂၅ ယာယီရဲမှူးချုပ် ဇော်ခင်အောင် အား အစမ်းခန့်တိုးမြှင့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက် နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၆/၂၀၂၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးချုပ် (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၁၉၄၀ ယာယီရဲမှူးချုပ် စိန်လွင် တပ်ဖွဲ့မှူး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ၁-၅-၂၀၂၀

(၂) ရဲ ၁၉၄၃ ယာယီရဲမှူးချုပ် မြင့်ဦး တပ်ဖွဲ့မှူး ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ၃၀-၄-၂၀၂၀

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၇/၂၀၂၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ၄၁၂၄ ရဲအုပ် စိုးလွင် အား မူလရာထူး အဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၈၁/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူး (၈) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြု ခန့်ထားလိုက်သည်-

(၁) ရဲ ၄၂၃၅ ယာယီရဲမှူး တင်မောင်လေး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ — ၂၅-၄-၂၀၂၀

(၂) ရဲ ၄၁၄၅ ယာယီရဲမှူး ရဲဝင်း ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ၃၀-၄-၂၀၂၀

(၃) ရဲ ၄၂၃၆ ယာယီရဲမှူး ကျော်သိန်း တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ၂၀-၄-၂၀၂၀

| | | |
|---|---|---|
| (၄) | ရဲ ၃၉၉၄ ယာယီရဲမှူး လှထွန်းအောင် နေပြည်တော်ရဲတပ်ဖွဲ့ | ၅-၅-၂၀၂၀ |
| (၅) | ရဲ ၄၆၆၃ ယာယီရဲမှူး မြတ်မင်းကျော် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ၁၁-၅-၂၀၂၀ |
| (၆) | ရဲ ၆၂၇၇ ယာယီရဲမှူး ဝဏ္ဏမျိုး အမှတ် (၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ | ၂၀-၄-၂၀၂၀ |
| (၇) | ရဲ ၆၂၇၈ ယာယီရဲမှူး ဇော်ဝင်းထွန်း အမှတ် (၆) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ | ၁၉-၄-၂၀၂၀ |
| (၈) | ရဲ ၃၈၇၁ ယာယီရဲမှူး အပါလွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၈-၅-၂၀၂၀ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၉/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ (ပထမတန်း) (ဦး/ရေး/ထောက်) ရဲ ၂၁၀၈ ဒုတိယရဲမှူးကြီး ဇော်မင်းအောင် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့သို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၆/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ (စ/၀၆၁၀) ညွှန်ကြားရေးမှူး ဦးအေးနိုင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၃ ရက်နေ့မှ အောက်တိုဘာလ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၈/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှူခင်းဌာနအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း**

၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၀) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှူခင်းဌာနကို လက်ရှိဌာနခွဲ ၄ ခု၊ အရာထမ်းရာထူး ၃၇ နေရာ၊ အမှုထမ်းရာထူး ၉၅ နေရာ၊ စုစုပေါင်းရာထူး ၁၃၂ နေရာဖြင့် ဖွဲ့စည်းထားရာမှ ဌာနခွဲ ၁ ခု၊ အရာထမ်းရာထူး ၃ နေရာ ထပ်မံတိုးချဲ့၍ ဌာနခွဲ ၅ ခု အရာထမ်းရာထူး ၄၀ နေရာ၊ အမှုထမ်းရာထူး ၉၅ နေရာ၊ စုစုပေါင်းရာထူး ၁၃၅ နေရာဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက်)

၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၇၃ အရ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ ဒါရိုက်တာအဖွဲ့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် — ဥက္ကဋ္ဌ

(ခ) အထွေထွေမန်နေဂျာ (၁) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် — ဒုတိယဥက္ကဋ္ဌ

(ဂ) အထွေထွေမန်နေဂျာ (၂) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် — အဖွဲ့ဝင်

(ဃ) အထွေထွေမန်နေဂျာ (၃) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် — အဖွဲ့ဝင်

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ကိုယ်စားလှယ် (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန) — အဖွဲ့ဝင်

(စ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဆ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဇ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဈ) ဒုတိယအထွေထွေမန်နေဂျာ (စီမံရေးရာဌာန) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် — အတွင်းရေးမှူး

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်)

၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၇၃ (က) နှင့်အညီ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဒါရိုက်တာအဖွဲ့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် — ဥက္ကဋ္ဌ

(၂) အထွေထွေမန်နေဂျာ (၁) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် — ဒုတိယဥက္ကဋ္ဌ

(၃) အထွေထွေမန်နေဂျာ (၂) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် — အဖွဲ့ဝင်

(၄) ဒုတိယအထွေထွေမန်နေဂျာ (၁) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် — အဖွဲ့ဝင်

(၅) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန) — အဖွဲ့ဝင်

(၆) ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၇) လက်ထောက်အထွေထွေမန်နေဂျာ (စီမံ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် — အတွင်းရေးမှူး

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤပြင်ဆင်သည့် စည်းမျဉ်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤစည်းမျဉ်းများကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများဟု ခေါ်တွင်စေရမည်။

၂။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင်ပါရှိသော စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၃။ ဤစည်းမျဉ်းများသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အဆင့်အလိုက် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား လက်ရှိအခြေအနေအရ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများအတွက် မူရင်းလစာ၏ နှစ်ဆကို ထောက်ပံ့ငွေအနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်းနှင့် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နေ့စားအလုပ်သမားများအား လက်ရှိအခြေအနေအရ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများအတွက် နေ့စားလုပ်ခကို ကျပ် ၆၅၀၀ နှုန်းဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အဆင့်အလိုက် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား မူရင်းလစာ၏ နှစ်ဆနှင့် နေ့စားအလုပ်သမားများအား နေ့စားလုပ်ခကို ကျပ် ၆၅၀၀ နှုန်းဖြင့် လက်ရှိဖြစ်ပေါ်နေသော ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေအရ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများ အတွက်မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအထိ အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ပြောင်းလဲပြင်ဆင်ခံစားခွင့် ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀) ၏ ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား လက်ရှိအခြေအနေအရ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများအတွက်** မူရင်းလစာ၏ နှစ်ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။ ထို့ပြင် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နေ့စားအလုပ်သမားများအား လက်ရှိအခြေအနေအရ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများအတွက်** နေ့စားလုပ်ခကို ကျပ် ၆၅၀၀ နှုန်းဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ စီမံရေးရာဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဌာနမှူး (စီမံ/ဘဏ္ဍာ) ရာထူးနေရာသို့ ယင်းဌာနခွဲမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးကျော်သူရ အား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၁/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၄ ရက်)

၁။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) ဦးတိုးမြင့် ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှစ၍ ၎င်းအားနိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၄/၂၀၂၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနက လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရေကြောင်းပြမှူးကြီး ဦးနေဝင်း-၂ ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၇/၂၀၂၀)

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းဌာနခွဲက လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒုတိယညွှန်ကြားရေးမှူး ဦးညီညီထွန်း ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူးရာထူးနေရာသို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၁/၂၀၂၀)

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၀)၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်က လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဌာနခွဲမှူး ဦးအောင်နိုင်ဝင်း ကို ရာထူးတိုးမြှင့်ခြင်းနှင့်မသက်ဆိုင်ဘဲ စီမံခန့်ခွဲရေးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဌာနမှူး (စီမံခန့်ခွဲရေး) ရာထူးနေရာအား ကျောထောက်နောက်ခံပြု၍ လစာနှုန်းတူ ဌာနခွဲမှူး (စခန်း) အဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ဓာတ်သတ္တုခွင့်ပြုမိန့်လွှဲပြောင်းခြင်းနှင့် အစုရှယ်ယာလွှဲပြောင်းခြင်းအတွက် ပေးသွင်းရမည့် လွှဲပြောင်းခဆိုင်ရာ အမိန့်ကြော်ငြာစာကို** ထုတ်ပြန်လိုက်သည်။

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များက မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀၉၊ နည်းဥပဒေခွဲ (က) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာ့သတ္တုတွင်း

နည်းဥပဒေများ၊ နည်းဥပဒေ ၁၅၈၊ ၁၅၉ တို့နှင့်အညီ ဓာတ်သတ္တုခွင့်ပြုမိန့်လွှဲပြောင်းခြင်းအတွက် ပေးသွင်းရမည့် လွှဲပြောင်းခနှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) **ဓာတ်သတ္တုရှာဖွေခြင်း၊ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း၊ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း**

(၁) ဓာတ်သတ္တုအသေးစား - ကျပ် ၂၅ သိန်း၊

(၂) ဓာတ်သတ္တုအလတ်စား - ကျပ်သိန်း ၁၀၀၊

(၃) ဓာတ်သတ္တုအကြီးစား - ကျပ်သိန်း ၂၀၀၊

(ခ) **ဓာတ်သတ္တုထုတ်လုပ်ခြင်း**

(၁) ဓာတ်သတ္တုအသေးစား - ကျပ်သိန်း ၅၀၊

(၂) ဓာတ်သတ္တုအလတ်စား - ကျပ်သိန်း ၂၀၀၊

(၃) ဓာတ်သတ္တုအကြီးစား - ကျပ်သိန်း ၄၀၀၊

၂။ ဓာတ်သတ္တုလုပ်ငန်းခွင့်ပြုမိန့်ရရှိသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၈ နှင့် ၁၅၉ တို့ပါ လွှဲပြောင်းခြင်းကိစ္စရပ်များကို ခွင့်ပြုပေးရန် တင်ပြရာတွင် အောက်ဖော်ပြပါကိစ္စရပ်တို့နှင့် စပ်လျဉ်းသည့် ခွင့်ပြုချက်အထောက်အထားများကို ကြိုတင်ဆောင်ရွက်ရယူ၍ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်သည်-

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ရယူထားသော ဓာတ်သတ္တုလုပ်ငန်းဖြစ်လျှင် ထိုသို့ ခွင့်ပြုမိန့်လွှဲပြောင်းခြင်းနှင့် အစုရှယ်ယာ လွှဲပြောင်းခြင်းတို့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁ တို့နှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏အစု ရှယ်ယာများနှင့် အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များ လွှဲပြောင်းခြင်းအတွက် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ ၈၃ နှင့် ၈၆ တို့အရ ကုမ္ပဏီနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဆောင်ရွက်ပြီး ဖြစ်ရမည်။

၃။ မူလ ဓာတ်သတ္တုခွင့်ပြုမိန့်နှင့်စပ်လျဉ်းသည့် အစုရှယ်ယာဝင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များကို အသစ် ထည့်သွင်းခြင်း၊ နုတ်ပယ်ခြင်း၊ ပြောင်းလဲခြင်းတို့ကြောင့် အစုရှယ်ယာလွှဲပြောင်းခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဆောင်ရွက်ထားရှိသည့် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCo) တွင် ဖော်ပြထားသော ကုမ္ပဏီတွင်ပါဝင်သူများစာရင်းအရ အစုရှယ်ယာအရေအတွက် သို့မဟုတ် ဒါရိုက်တာအရေအတွက် သုံးပုံတစ်ပုံ နှင့်အထက် ပြောင်းလဲလျှင်ပြောင်းလဲသည့်နေ့မှစ၍ ၂၁ ရက်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဓာတ်သတ္တုခွင့်ပြုမိန့်လွှဲပြောင်းခွင့်ပြုရန် တင်ပြလျှောက်ထားရမည်ဖြစ်ပြီး လွှဲပြောင်းခကို အထက်အပိုဒ် ၁ ပါ သတ်မှတ်နှုန်းထားပေါ်တွင် အချိုးကျ ပေးသွင်းနိုင်သည်။ လွှဲပြောင်းခကို လွှဲပြောင်းခွင့်ပြုမိန့် ရရှိသည့်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း အပြီး ပေးသွင်းရမည်။ တည်ဆဲအခွန်ဥပဒေများအရ အခြေပစ္စည်းဖြစ်သောအစုရှယ်ယာလွှဲပြောင်းခြင်းအတွက် အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိပါက ယင်းမြတ်စွန်းငွေအပေါ် ကျသင့်သည့် အခွန်ထမ်းဆောင်ရမည်။

၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော ဓာတ်သတ္တုလုပ်ငန်းဖြစ်ပါက အထက်အပိုဒ် ၁ ပါ သတ်မှတ်နှုန်းထားကို မြန်မာကျပ်ငွေနှင့်ညီမျှသော နိုင်ငံခြားငွေအမေရိကန်ဒေါ်လာဖြင့် ပေးသွင်းရမည်။

၅။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဦးစီးဌာနတို့က ခွင့်ပြုထုတ်ပေးထားသည့် လွှဲပြောင်းခြင်းကိစ္စတို့နှင့်စပ်လျဉ်း၍ လွှဲပြောင်းခကို သတ္တုတွင်းဦးစီးဌာနက သတ်မှတ်ထားသည့် ငွေစာရင်းသို့ ပေးသွင်းရမည်။

၆။ တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များက ခွင့်ပြုထုတ်ပေးထားသည့် လွှဲပြောင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ လွှဲပြောင်းခကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောတွင်း ဦးစီးဌာန (ရုံးခွဲ) ၏ စိစစ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရမည်။

၇။ လွှဲပြောင်းခြင်းကိစ္စရပ်များအတွက် အပိုဒ် ၃ ပါ သတ်မှတ်ထားသည့်ကာလထက်ကျော်လွန်၍ တင်ပြလာပါက ကျော်လွန်သည့်နေ့မှစ၍ တစ်လလျှင် လွှဲပြောင်းခ၏ ၃ ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ကြေးကို ရက်လွန်ကြေးအဖြစ် ပေးသွင်းရမည်။

၈။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောတွင်းဦးစီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များက အထက်အပိုဒ် ၁ ပါ ဖော်ပြထားသော လွှဲပြောင်းခနှုန်းထားများကို ကာလပေါက်ဈေးနှုန်းနှင့် လျော်ညီမှုရှိစေရန် သုံးသပ်၍ အခါအားလျော်စွာ ပြင်ဆင်နိုင်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၀)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်)

## ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်းကျရောက်သည့် အကျယ်အဝန်း (၄၇၅) ဧကရှိမြေကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ "ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ" အဖြစ် ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### နယ်နိမိတ်အလားအလာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ လင်းဝေး-ကျောက်တောသွား ကျောက်ခင်းလမ်း၏တောင်ဘက် ခန့်မှန်းမြေပုံအညွှန်း M-101735 မှစတင်သည်။ ၎င်းမှ အရှေ့တောင်စူးစူး ခန့်မှန်းမြေပုံအညွှန်း M-105730 ထိ၊ ၎င်းမှ ခန့်မှန်း မြေပုံအညွှန်း M-108730 ထိ၊ ၎င်းမှ အရှေ့မြောက်စူးစူး ခန့်မှန်းမြေပုံအညွှန်း M-109734 ထိ၊ ၎င်းမှ အရှေ့မြောက်စူးစူး ခန့်မှန်းမြေပုံအညွှန်း M-114730 အထိ။

အရှေ့ဘက်။ မြောက်ဘက်နယ်နိမိတ်၏ အဆုံးအမှတ်ဖြစ်သော M-114730 မှစတင်သည်။ ၎င်းမှ တောင်ဘက်သို့ ဇော်ဂျီမြစ်နှင့်ဆုံရာ ခန့်မှန်းမြေပုံအညွှန်း M-114729 အထိ၊ ၎င်းမှ ဇော်ဂျီမြစ် အတိုင်း တောင်ဘက်သို့စုန်ဆင်းလာရာ ခန့်မှန်းမြေပုံအညွှန်း M-117712 အထိ၊ ၎င်းမှ ခန့်မှန်း မြေပုံအညွှန်း M-107710 အထိ။

တောင်ဘက်။ အရှေ့ဘက်နယ်နိမိတ်၏ အဆုံးဖြစ်သော ခန့်မှန်းမြေပုံအညွှန်း M-107710 တစ်ဝိုက်မှစတင် ပါသည်။ ၎င်းမှ အနောက်မြောက်စူးစူးသို့ ခန့်မှန်းမြေပုံအညွှန်း M-100715 အထိ၊ ၎င်းမှ ခန့်မှန်းမြေပုံအညွှန်း M-100716 အထိ၊ ၎င်းမှ ခန့်မှန်းမြေပုံအညွှန်း M-099715 အထိ၊ ၎င်းမှ ခန့်မှန်းမြေပုံအညွှန်း M-098714 အထိ၊ ၎င်းမှ ခန့်မှန်းမြေပုံအညွှန်း M-093714 အထိ။

အနောက်ဘက်။ တောင်ဘက်နယ်နိမိတ်၏အဆုံးဖြစ်သော ခန့်မှန်းမြေပုံအညွှန်း M-093714 မှစတင်ပါသည်။ ၎င်းမှ ခန့်မှန်းမြေပုံအညွှန်း M-092715 အထိ၊ ၎င်းမှ ခန့်မှန်းမြေပုံအညွှန်း M-092725 အထိ၊ ၎င်းမှ ခန့်မှန်းမြေပုံအညွှန်း M-094717 အထိ၊ ၎င်းမှ အဆိုပြုနယ်မြေ၏ မူလစမှတ်ဖြစ်သော လင်းဝေး- ကျောက်တောသွား ကျောက်ခင်းလမ်း၏တောင်ဘက် ခန့်မှန်းမြေပုံအညွှန်း M-101735 အထိ။

**တားမြစ်ချက်များ**

၂။ ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင်တည်ရှိသော အခွင့်အရေးများမှအပ အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန်တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ အဆိုပြု ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်းသော်လည်းကောင်း၊ အဆိုပြု ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေနှင့် ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်းသော်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှုတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းမည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်ဖွဲ့စည်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှာင်မြို့နယ်

(ခ) ဦးစီးအရာရှိ — အဖွဲ့ဝင်
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရွှာင်မြို့

(ဂ) မြို့နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန၊ ရွှာင်မြို့

(ဃ) ဦးစီးအရာရှိ — အဖွဲ့ဝင်
မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ရွှာင်မြို့

(င) ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ် — အဖွဲ့ဝင်
လင်းဝေးကျေးရွာ

| | | |
|---|---|---|
| (စ) | ကျေးရွာအုပ်ချုပ်ရေးမှူး<br>လင်းဝေးကျေးရွာ | အဖွဲ့ဝင် |
| (ဆ) | အုပ်ချုပ်ရေးမှူး<br>ပန်းလောင်နှင့်ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော | အတွင်းရေးမှူး |

၄။ **လုပ်ငန်းတာဝန်။** ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်း တာဝန်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ဖွဲ့စည်းမည့် အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသော အထောက် အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း။

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာ စေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန်ပြုစုခြင်း။

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများစစ်ဆေးခြင်း၊ အစိုးရကခွင့်ပြု ရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့် လျော်ကြေးငွေစာရင်းကိုပြုစုခြင်း။

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာန စီမံခန့်ခွဲခွင့်ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကိုချန်လှပ်ခြင်း၊ ထည့်သွင်း ဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာ ဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း။

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ရေထွက် ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေဖွဲ့စည်းမည့်ဧရိယာအပါအဝင် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀)**
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်)

## အင်္ဂါဝါအမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာ များကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်အတွင်းရှိ ဧရိယာ (၁၁၀၃၅. ၁၂) ဧက၊ ကုန်းမြေ (၈၁. ၈၈) ဧက၊ စုစုပေါင်း (၁၁၁၁၇) ဧကကို ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ရန် အလို့ငှာ “ငရုတ်ကောင်းအင်္ဂါဝါအမျိုးသားဥယျာဉ်” အဖြစ်သတ်မှတ်ရန် ၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် (၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်) မှစ၍ ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်လားရာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း (46Q-16.6579 N,94.3239E) မှအစပြု၍ အရှေ့ဘက်သို့ မီတာ ၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6599 N,94.3277E) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၃၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6599 N,94.3336E) ထိ။

အရှေ့ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၁,၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6406 N,94.3515E) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6324 N,94.3472E) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6297 N,94.3389E) ထိ၊ ထိုမှ တောင်ဘက်သို့ မီတာ ၇၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(46Q-16.6236 N,94.3380E) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၂၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6070 N,94.3281E) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6120 N,94.3247E) ထိ၊ ထိုမှ အနောက်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6115 N,94.3162E) ထိ၊ ထိုမှ တောင်ဘက်သို့ မီတာ ၂၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5932 N,94.3218E) ထိ၊ ထိုမှ အရှေ့ဘက်သို့ မီတာ ၃၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5963 N,94.3237E) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၈၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5960 N,94.3253E) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5934 N,94.3252E) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5909 N,94.3300E) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5901 N,94.3330E) ထိ၊ ထိုမှ အရှေ့ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5865 N,94.3329E) ထိ၊ ထိုမှ တောင်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5831 N,94.3367E) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5819 N,94.3384E) ထိ၊ ထိုမှ အရှေ့ဘက်သို့ မီတာ ၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5828 N,94.3437E) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5784 N,94.3446E) ထိ၊ ထိုမှ တောင်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5414 N,94.3256E) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၃၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5281 N,94.2998E) ထိ၊ ထိုမှ အနောက်တောင်ဘက် သို့ မီတာ ၃၀၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5291 N,94.2965E) ထိ၊ ထိုမှ အနောက်ဘက်သို့ မီတာ ၁၁၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5353 N,94.2970E) ထိ။

တောင်ဘက်။ ထိုမှ မြောက်ဘက်သို့ မီတာ ၁၀၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5450 N,94.2849E) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၁၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5420 N,94.2758E) ထိ၊ ထိုမှ အနောက်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5422 N,94.2724E) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၇၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5398 N,94.2689E) ထိ၊ ထိုမှ အနောက်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5416 N,94.2620E) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၇၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5452 N,94.2601E) ထိ၊ ထိုမှ အနောက်ဘက်သို့ မီတာ ၃၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5500 N,94.2608E) ထိ။

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5695 N,94.2826E) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၃၈၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5680 N,94.2913E) ထိ၊ ထိုမှ အရှေ့ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5611 N,94.3012E) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၁၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း

(46Q-16.5613 N,94.3118E) ထိ၊ ထိုမှ အရှေ့ဘက်သို့ မီတာ ၈၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5649 N,94.3179E) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၁၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5791 N,94.3215E) ထိ၊ ထိုမှ မြောက်ဘက်သို့ မီတာ ၉၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.5967 N,94.2962E) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၅၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6250 N,94.2783E) ထိ၊ ထိုမှ မြောက်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6345 N,94.2938E) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6292 N,94.3042E) ထိ၊ ထိုမှ အရှေ့ဘက်သို့ မီတာ ၁၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6275 N,94.3183E) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၃၈၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6385 N,94.3425E) ထိ၊ ထိုမှ မြောက်ဘက်သို့ မီတာ ၇၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6428 N,94.3434E) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၂၀၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6460 N,94.3399E) ထိ၊ ထိုမှ မြောက်ဘက်သို့ မီတာ ၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (46Q-16.6503 N,94.3256E) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၄၀၀ ခန့်လာရာ မူလအစပြုသည့် ခန့်မှန်းမြေပုံညွှန်း (46Q-16.6579 N,94.3239E) ထိ။

**တားမြစ်ချက်များ**

၂။ ငရုတ်ကောင်းအဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင်တည်ရှိသော အခွင့်အရေးများမှအပ အဆိုပြုအမျိုးသားဥယျာဉ်အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန်တားမြစ်လိုက်သည်-

(က) မည်သည့် ငါးဖမ်းရေယာဉ်မဆို ငါးဖမ်းဆီးခြင်း။

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း။

(ဂ) အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

(ဃ) ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း။

(င) မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ အဆိုပြု အမျိုးသားဥယျာဉ်အတွင်းသော်လည်းကောင်း၊ အဆိုပြုအမျိုးသားဥယျာဉ်နှင့် ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်းသော်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း။

(စ) မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း။

(ဆ) သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း။

(ဇ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း။

(ဈ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း။

(ည) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း။

(ဋ) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ အင်္ဂဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းမည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ် ဖွဲ့စည်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ (၉)၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သည့် ပဏာမ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(ခ) ဦးစီးအရာရှိ — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(ဂ) ဦးစီးအရာရှိ — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(ဃ) ဒေသခံတိုင်းရင်းသားပြည်သူကိုယ်စားလှယ် — အဖွဲ့ဝင်
အလယ်ရွာ၊ မိုးတိမ်ပြင်ကျေးရွာအုပ်စု၊ ငပုတောမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး

(င) ဒေသခံတိုင်းရင်းသားပြည်သူကိုယ်စားလှယ် — အဖွဲ့ဝင်
ပိတောက်ကုန်းကျေးရွာ၊ မိုးတိမ်ပြင်ကျေးရွာအုပ်စု၊
ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(စ) ဒေသခံတိုင်းရင်းသားပြည်သူကိုယ်စားလှယ် — အဖွဲ့ဝင်
ရွာသစ်ကျေးရွာ၊ မိုးတိမ်ပြင်ကျေးရွာအုပ်စု၊ ငပုတောမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး

(ဆ) ဒေသခံတိုင်းရင်းသားပြည်သူကိုယ်စားလှယ် — အဖွဲ့ဝင်
နံ့သာပုကျေးရွာ၊ နံ့သာပုကျေးရွာအုပ်စု၊ ငပုတောမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး

(ဇ) ဥက္ကဋ္ဌ၊ ရေလုပ်ငန်းရှင် — အဖွဲ့ဝင်
ရေလုပ်ငန်းရှင်များအသင်း
ဧရာဝတီ... 

(ဈ) အဖွဲ့ဝင်၊ ရေလုပ်ငန်းရှင် — အဖွဲ့ဝင်
ရေလုပ်ငန်းရှင်များအသင်း၊ ဧရာဝတီ...

(ည) ဦးစီးအရာရှိ — အတွင်းရေးမှူး
သစ်တောဦးစီးဌာန၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၄။ **လုပ်ငန်းတာဝန်**။ ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများ အရ သတ်မှတ်ဖွဲ့စည်းမည့် အင်္ဂဏ္ဏဝါအမျိုးသားဥယျာဉ်တည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့် အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန် များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဧရာဝတီ အင်္ဂဏ္ဏဝါအမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်း ရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့်

လျှောက်ထားနိုင်ကြောင်း၊ သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း။

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန်ပြုစုခြင်း။

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့် လျော်ကြေးငွေစာရင်းကိုပြုစုခြင်း။

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့်ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကိုချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့်မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့် မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း။

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ငှက်ကောင်းအဏ္ဏဝါအမျိုးသားဥယျာဉ်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်)

အမှတ် ၄၃။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၀) နှင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၀) တို့၏ သဘာတူညီချက်အရ ဆေးသုတေသနဦးစီးဌာနမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးဌာနခွဲများသို့ အလုပ်တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| ၁။ | ဒေါ်အေးမိစံ<br>စာကြည့်တိုက်လက်ထောက် (၂)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | သုတေသနအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စာကြည့်တိုက်နှင့် စာစောင်ထုတ်ဝေရေးဌာနခွဲ<br>(ပြင်ဦးလွင်ရုံးခွဲ)<br>အထွေထွေစီမံခန့်ခွဲရေးဌာန |
| ၂။ | ဒေါ်ယုယုမော်<br>လျှပ်စစ်ကျွမ်းကျင် (၂)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | သုတေသနအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကိရိယာပြုပြင်ထိန်းသိမ်းရေးဌာနခွဲ (ရုံးချုပ်)<br>စစ်ဆေးရေးဌာန |

## (ဝန်ကြီးရုံး)

၁၃၈၂ ခုနှစ်၊ တန်းခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်)

အမှတ် ၄၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက် ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၀/၆၀၄၁ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မကွေး) မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဌေးလှ (ဆမ-၁၀၂၇၉) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန်လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဤဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၃မက (က) ၂၀၂၀ (၁၁) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်စာကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၈၂ ခုနှစ်၊ တန်းခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်)

အမှတ် ၄၅။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက် ရက်စွဲပါ စာအမှတ်၊ ၃မက(ယ) ၂၀၂၀/၂၁၆၅ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ခန္ဓာဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာလဘန်ခွန် (ဆမ-၁၀၅၆၅) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်(၄)လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၄၆။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက် ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၀/၂၄၄၈ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ စိတ်ကျန်းမာပညာဌာနမှ ပါမောက္ခဒေါက်တာဝါဝါဝင်း (ဆမ-၁၁၂၆၇) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ | ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက် ) | သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### လူမှုဝန်ထမ်းဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၀၆၅/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ဦးစီးအရာရှိ ရာထူးနေရာများတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပေးပို့သည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၂၉) ဦးအား အလုပ်စတင်ဝင်ရောက်ထမ်းဆောင်သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်-

| စဉ် | အမည် | အဘအမည် | လက်ရှိအလုပ်အကိုင်နှင့်ဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဒေါ်နှင်းယုဝါစိုး<br>၁၂/ပဘတ (နိုင်) ၀၃၀၆၆၀ | ဦးစိုးသိန်း | ပြင်ပ | |
| ၂ | ဒေါ်ဂရေ့စ်ကေသီဦး<br>၄/မတပ (နိုင်) ၀၄၅၂၇၁ | ဦးဝေဦး | ပြင်ပ | |
| ၃ | ဦးဇင်မင်းနိုင်<br>၅/ကနန (နိုင်) ၀၉၀၉၄၃ | ဦးနွား | ပြင်ပ | |
| ၄ | ဒေါ်နေရတနာဇော်<br>၉/မထလ (နိုင်) ၃၃၂၂၆၉ | ဦးကိုကိုထွေး | ပြင်ပ | |
| ၅ | ဒေါ်အေးဝဿန်စိုး<br>၁၄/ငပတ (နိုင်) ၁၈၄၇၁၆ | ဦးစိုးသိန်း | ပြင်ပ | |
| ၆ | ဒေါ်ဖြူနှင်းထက်<br>၈/အလန (နိုင်) ၁၇၃၇၈၀ | ဦးသိန်းဟန် | စာရင်းစစ် (၃)<br>ဖားဆောင်းမြို့နယ်၊ စာရင်းစစ်ရုံး | |
| ၇ | ဒေါ်မော်မော်စိုး<br>၅/ရဉန (နိုင်) ၀၉၄၇၅၀ | ဦးကျီးညို | ပြင်ပ | |
| ၈ | ဦးသန်းဌေး<br>၅/ပလဘ (နိုင်) ၀၇၉၂၉၅ | ဦးရွှေပုံ | ပြင်ပ | |
| ၉ | ဒေါ်ခင်ဥမ္မာခိုင်<br>၉/တသန (နိုင်) ၁၄၁၅၉၈ | ဦးသန်းဆွေ | ပြင်ပ | |
| ၁၀ | ဒေါ်ဖြူသာတင်အောင်<br>၈/ရနခ (နိုင်) ၀၈၈၆၁၅ | ဦးတင်အောင် | အငယ်တန်းစာရေး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | |
| ၁၁ | ဒေါ်အေးစန္ဒာလှိုင်<br>၁၃/တကန (နိုင်) ၁၄၀၈၈၀ | ဦးတင်လှိုင် | ဒု-ဦးစီးမှူး<br>မြို့နယ်လူမှုဝန်ထမ်းရုံး၊ ညောင်ရွှေမြို့ | |

| စဉ် | အမည် | အဘအမည် | လက်ရှိအလုပ်အကိုင်နှင့်ဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁၂ | ဒေါ်ယဉ်ယဉ်လှိုင်ထွန်း<br>၁၂/ဥကမ (နိုင်) ၁၈၉၁၁၇ | ဦးလှထွန်း | ဆေးဘက်ကျွမ်းကျင်-၂<br>အကြောအဆစ် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | |
| ၁၃ | ဒေါ်မျိုးရွှေရည်ထက်ညွန့်<br>၇/ညလပ (နိုင်) ၁၆၅၆၃၅ | ဦးညွန့်စန်း | ဆေးဘက်ကျွမ်းကျင်-၂<br>အကြောအဆစ် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | |
| ၁၄ | ဒေါ်အေးမြအောင်နိုင်<br>၉/ပကခ (နိုင်) ၀၁၇၂၂၂ | ဦးအောင်နိုင်ဦး | ဒု-ဦးစီးမှူး၊ တနင်္သာရီတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး (ရုံးချုပ်၊ ကလေး/လူငယ်တွဲဖက်) | |
| ၁၅ | ဒေါ်အေးအေးရှိန်<br>၁၂/လမန (နိုင်) ၁၂၇၅၇၆ | ဦးသီဟ | ဆေးဘက်ကျွမ်းကျင်-၂<br>အကြောအဆစ် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | |
| ၁၆ | ဒေါ်ဝင့်ဝင့်သူ<br>၈/ပခက (နိုင်) ၁၆၆၁၇၆ | ဦးအောင်ကျော်ငွေး | အကြီးတန်းစာရေး<br>လူမှုဖူလုံရေးအဖွဲ့ | |
| ၁၇ | ဒေါ်ဝေမီ<br>၉/ပမန (နိုင်) ၂၇၄၉၆၈ | ဦးရဲဝင်းအောင် | ပြင်ပ | |
| ၁၈ | ဒေါ်စန္ဒာအိ<br>၉/သစန (နိုင်) ၁၅၉၄၂၉ | ဦးတင်မြင့် | ပြင်ပ | |
| ၁၉ | ဒေါ်စကားဝါဝေ<br>၁၂/ဒဂန (နိုင်) ၀၃၅၃၈၁ | ဦးရဲထွန်း | အငယ်တန်းစာရေး<br>နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး၊<br>နိုင်ငံတော်သမ္မတရုံး | |
| ၂၀ | ဒေါ်ခိုင်သီရိမျိုး<br>၁၂/ဥတတ (နိုင်) ၁၇၄၆၈၃ | ဦးမျိုးဇော် | အငယ်တန်းစာရေး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | |
| ၂၁ | ဦးမင်းဟိန်းသန့်<br>၁၂/မဂတ (နိုင်) ၀၉၉၄၂၉ | ဦးထွန်းလှ | ပြင်ပ | |
| ၂၂ | ဒေါ်ဖြိုးသန္တာမြင့်<br>၈/ပခက (နိုင်) ၂၇၇၆၄၉ | ဦးမြင့်အေး | ပြင်ပ | |
| ၂၃ | ဒေါ်ယွန်းဝတီ<br>၁/မကန (နိုင်) ၁၄၆၅၇၇ | ဦးကျော်ကျော် | ပြင်ပ | |
| ၂၄ | ဒေါ်ခိုင်ဇင်အေး<br>၇/သကန (နိုင်) ၁၀၂၅၇၇ | ဦးကျော်ရွှေ | ဒုတိယဦးစီးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | |
| ၂၅ | ဒေါ်ဝါဝါလွင်ဇော်<br>၅/ပလန (နိုင်) ၀၆၉၁၀၀ | ဦးဇော်ဝင်းရွှေ | ပြင်ပ | |
| ၂၆ | ဒေါ်စုမြတ်မွန်<br>၈/မကန (နိုင်) ၂၁၅၆၁၉ | ဦးကိုကိုလွင် | အငယ်တန်းစာရေး<br>သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး၊<br>နိုင်ငံတော်သမ္မတရုံး | |
| ၂၇ | ဒေါ်အေးသန္တာကျော်<br>၁၂/သကတ (နိုင်) ၂၀၀၁၈၀ | ဦးရဲညွန့် | ပြင်ပ | |
| ၂၈ | ဒေါ်စံပယ်တင့်<br>၉/မထလ (နိုင်) ၃၀၇၇၇၃ | ဦးတင့်လှိုင် | အငယ်တန်းစာရေး<br>သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး၊<br>နိုင်ငံတော်သမ္မတရုံး | |
| ၂၉ | ဒေါ်ဖြိုးဖြိုးသက်<br>၅/မရန (နိုင်) ၂၅၁၅၈၉ | ဦးကြည်ဝင်း | ပြင်ပ | |

ဒေါက်တာစန်းစန်းအေး
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ကောင်းထက်မြန်မာစွမ်းအင် ကုမ္ပဏီ လီမိတက်**
**(KAUNG HTET MYANMAR ENERGY COMPANY LIMITED)**
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၃၄၈ အရ

(က) ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **ကောင်းထက်မြန်မာစွမ်းအင် ကုမ္ပဏီလီမိတက် (KAUNG HTET MYANMAR ENERGY COMPANY LIMITED)** အား (၂၄-၇-၂၀၂၀) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒေါ်မိုးမိုးအေး
B.Com, Dip I.F.R., Diploma in Business Law
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊
ဗိုလ်တထောင်ဘုရားလမ်း၊ မိဘရိပ်မွန်အိမ်ရာ
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅

(ခ) **ကောင်းထက်မြန်မာစွမ်းအင် ကုမ္ပဏီလီမိတက် (KAUNG HTET MYANMAR ENERGY COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကြည်စိုး (ခ) ဦးတော်ကြူးကျိန်း
(မန်နေးဂျင်းဒါရိုက်တာ)
KAUNG HTET MYANMAR ENERGY COMPANY LIMITED

## ရူဂျီ ငွေရေးကြေးရေး ကုမ္ပဏီလီမိတက်
## (RYUJI FINANCE COMPANY LIMITED)
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၃၄၈ အရ

(က) ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **ရူဂျီ ငွေရေးကြေးရေး ကုမ္ပဏီလီမိတက် (RYUJI FINANCE COMPANY LIMITED)** အား (၂-၇-၂၀၂၀) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒေါ်မိုးမိုးအေး
B.Com, Dip I.F.R., Diploma in Business Law
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊
ဗိုလ်တထောင်ဘုရားလမ်း၊ မိဘရိပ်မွန်အိမ်ရာ
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅

(ခ) **ရူဂျီ ငွေရေးကြေးရေး ကုမ္ပဏီလီမိတက် (RYUJI FINANCE COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးလင်မ်ကျောင်ဝမ် (ခ) ဦးတင်ဝမ်
(မန်နေးဂျင်းဒါရိုက်တာ)
(RYUJI FINANCE COMPANY LIMITED)

## PADAUK - J P K GROUP COMPANY LIMITED
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**PADAUK - J P K GROUP COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဈေးလမ်း၊ အမှတ် (၆၂/၂-ဘီ) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ (၂၁၀)
B.Com, CPA
ZIN & FRIENDS AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

IN THE MATTER OF MYANMAR COMPANIES LAW SECTION 348

**FORAIN MYANMAR LIMITED**

(In member's voluntary winding-up)

NOTICE OF RESOLUTIONS

At a Special General Meeting of the shareholders of the Company held at Room 706, Building 12+1, Parame Condo, Hlaing Township, Yangon on **27 th July 2020,** the following Special Resolutions were duly passed:

**RESOLVED**

(1) That the company be wound-up voluntarily by the members pursuant to Section 345 (b) of the Myanmar Companies Law.

(2) That Daw Nwe Yin Win, Certified Public Accountant be and hereby appointed as liquidator of Forain Myanmar Limited for winding-up, is authorized and be granted power to such extent and for suitable period necessary for the members voluntary winding-up.

**CLAIM NOTICE**

NOTICE IS HEREBY GIVEN THAT the creditors of the above named company which is being wound-up voluntarily, are required on or before **31st August 2020** to send their names addresses and particulars of their debts or claims and shall prove their debts or claims to the Liquidators or in default thereof there will be excluded from the benefit of any distribution made before such debts are proved.

U Aung Zaw Myo
Director
Forain Myanmar Limited

Daw Nwe Yin Win
B.Com, CPA
Liquidator
Building 158/168, Room No. (19)
(1st Floor), MahabandoolaPark Street,
KyauktadaTownship
Yangon Region

**CommScope Myanmar Limited**

(Voluntary Winding-up)

Calling the Final General Meeting regarding the winding-up of **CommScope Myanmar Limited**

[**CommScope Myanmar Limited** started its Liquidation process on 12th June 2018 , the date before the commencement of the Myanmar Companies Law ("**MCL**").]

Pursuant to section 466 of the MCL and section 208 (E) of the Myanmar Companies Act, the final general meeting of **CommScope Myanmar Limited**, which is in the course of the winding-up, is set to be held; therefore, all shareholders and directors are cordially invited to attend the general meeting for consent to be sought.

The meeting is to be held as follows:

| | | |
|---|---|---|
| Date | : | 31st August 2020 |
| Time | : | 10:00 a.m. |
| Venue | : | 11 C, Stadium View Condo, Corner of Bo Min Yaung Road and Mandalay Street, Mingalar Taung Nyunt Township, Yangon. |

Daw Thida Cho Win
Liquidator
CommScope Myanmar Ltd

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၄၈ အရ
**(LION ENERGY GENERAL SERVICES COMPANY LIMITED)**
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ **(LION ENERGY GENERAL SERVICES COMPANY LIMITED)** အား (၂၈. ၇. ၂၀၂၀) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြု ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် **[B.Com (Q) CPA]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

DAW HNIN PHYU PHYU AUNG
Managing Director
"LION ENERGY GENERAL SERVICES COMPANY LIMITED"

ဒေါ်စန်းကြည်
B.Com (Q) CPA
(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)

**Notice**
**CITYNEON MYANMAR COMPANY LIMITED**
(In member's Voluntary Liquidation)
Pursuant of Section 357 (A) of the Myanmar Companies Law (2017)

**Final Meeting**

A Final meeting of the above Company will be held on 31st August, 2020 at No. (693/701), Room No. (10A), 10 Floor, Classics Strand Condominium, Pabedan Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

(Khin Saw Yu)
B.Com, Q, CPA
Certified Public Accountants and Auditors
No. 49/51, (7th Floor), 2nd Street, Lanmadaw Township,
Yangon Region, The Republic of the Union of Myanmar

## ဖြိုးသီဟကျော်မိသားစု သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်
## (Phyo Thiha Kyaw Family Mining Co.,Ltd)

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ
ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပခဲ့သည့် သာမန်ထက်ထူးကဲသော အထူးအစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်များအရ **ဖြိုးသီဟကျော်မိသားစု သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် (Phyo Thiha Kyaw Family Mining Co.,Ltd)** အား အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၎င်းအစည်းအဝေးမှ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ဦးဆန်းထွန်း (B.A, CPA, F.B.S.A, Certified Public Accountant P 27) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Khin Than Kyi | ဦးဆန်းထွန်း |
| Director | B.A, CPA, F.B.S.A, |
| Phyo Thiha Kyaw Family Mining Co.,Ltd | Certified Public Accountant P 27 |

## အေးရှိန်းအက်စ်စစ်စတဲန့်စ် ကုမ္ပဏီလီမိတက်
## စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ပတ်သက်၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ဖျက်သိမ်းဆဲ **အေးရှိန်းအက်စ်စစ်စတဲန့်စ် ကုမ္ပဏီလီမိတက် (Asian Aassistance Co.,Ltd)** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၄. ၈. ၂၀၂၀ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ် ၅၅၂၊ ပီမိုးနင်း (၂) လမ်း၊ (၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဆန်းထွန်း
B.A, CPA, F.B.S.A,
Certified Public Accountant P 27

**မိုးသွယ်ကုမ္ပဏီလီမိတက်**
**(Moe Thwe Company Limited)**
**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၃၅၇ အရ ဖျက်သိမ်းဆဲ **မိုးသွယ်ကုမ္ပဏီလီမိတက် (Moe Thwe Company Limited)** ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်ရာ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၉) ရက်

ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ

ကျင်းပမည့်နေရာ - အမှတ် (၈)၊ (၁၆) လမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဒေါ်အိအိစိုး
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အပ်(ဖ်)အီး ဖူစ့် အန် ဘယ်ဗရစ် မြန်မာကုမ္ပဏီ လီမိတက်
**(FE Foods & Beverages Myanmar Company Limited)**
ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ အရ ဖျက်သိမ်းဆဲ **အပ်(ဖ်)အီး ဖူစ့် အန် ဘယ်ဗရစ် မြန်မာကုမ္ပဏီလီမိတက် (FE Foods & Beverages Myanmar Company Limited)** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှယ်ယာရှင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - (၁-၉-၂၀၂၀)

အစည်းအဝေးကျင်းပမည့်အချိန် - (၁၅း၃၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - ၁၆ ထပ်၊ ဆူးလေစကွဲတာဝါ၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းရှင်းတမ်းနှင့် ရှင်းလင်းချက်များကို တင်ပြပါမည်။

ဦးဝင်းဆွေ
(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၀၅၄)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (FE Foods & Beverages Myanmar Company Limited)
အမှတ်-၅၉၊ ၄ လွှာ၊ ဦးဘဟန်လမ်း၊ (၂) ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း- (၉၅၉) ၄၅၁၃၆၀၃၈၉

## ရွှေမန်း ကုမ္ပဏီ လီမိတက်
## (Shwe Mann Company Limited)

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ရွှေမန်း ကုမ္ပဏီ လီမိတက် (Shwe Mann Company Limited)** အား (၁. ၁. ၂၀၂၀) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းလှိုင် (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ခိုင်
ဒါရိုက်တာ
ရွှေမန်း ကုမ္ပဏီ လီမိတက်

ဦးဝင်းလှိုင်
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(In Members' Voluntary Winding-up)

## SYNERGY GROWTH AUDIT & CONSULTING COMPANY LIMITED

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ
အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **Synergy Growth Audit & Consulting Company Limited** အား အစုရှယ်ယာရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၅. ၇. ၂၀၂၀) ရက်နေ့တွင် ကျင်းပခဲ့သော အထူးအထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်မြင့်မြင့်တိုး၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ ဒေါ်မြင့်မြင့်တိုးအဖွဲ့ လက်မှတ်ရပြည်သူ့ စာရင်းကိုင်များအား အမှတ် (၄)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အား ခန့်အပ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ဤကြော်ငြာစာပါသည့်နေ့မှ ရက် (၃၀) ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်မြင့်မြင့်တိုး
လက်မှတ်ရပြည်သူ့စာရင်းကိုင်
PPA Reg. No. 352
ဒေါ်မြင့်မြင့်တိုးအဖွဲ့
လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

**Huidong International Engineering (Myanmar) Co., Ltd**

ကုမ္ပဏီစာရင်းအပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားချက်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) အရ ကုမ္ပဏီ၏ စာရင်းများကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် ၉၄ အက်ဖ်၊ ဗဟိုလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

U Myo Thet Tun
Liquidator
Huidong International Engineering (Myanmar) Co., Ltd
09-795517564

**တက်နေဖွံ့ဖြိုးမှုကုမ္ပဏီ လီမိတက်**

(တရားရုံးအမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
(မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ်-၁၁၃)

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၁) ရုံး၏ တရားမအထွေထွေအမှုအမှတ်-၁၈၂/၂၀၁၉ အမှုတွင် **တက်နေဖွံ့ဖြိုးမှုကုမ္ပဏီ လီမိတက်** ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၉၈ (စ) အရ တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၈-၂-၂၀၂၀) ရက်နေ့၌ အမိန့်ချမှတ်ခဲ့ပြီးဖြစ်၍ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်မွန်မွန်ဌေး LL.B ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၉၇/၂၀၁၄)၊ အမှတ်-၁၈၉/၁၉၅၊ ပန်းဆိုးတန်းအော့ဖစ်တာဝါ၊ (၇) ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏အမည်၊ လိပ်စာနှင့် ရရန်ရှိ ကြွေးမြီ (သို့မဟုတ်) ရရန်ရှိသူများနှင့်ပတ်သက်သောအကြောင်းအရာများနှင့် မိမိတို့၏ တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေ (ရှိက) လိပ်စာကို (၁၇-၈-၂၀၂၀) နေ့တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ ပေးပို့ရမည်။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်လျှင်စာဖြင့် အကြောင်းကြားပြီး ကြွေးမြီ (သို့မဟုတ်) ရရန်ရှိကို ထင်ရှားအောင်ပြသနိုင်ရန် ချိန်းဆိုသည့်အခါ လူကိုယ်တိုင်ဖြစ်စေ၊ တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေကဖြစ်စေ လာရောက်ရမည်။

ပျက်ကွက်ပါက ကြွေးမြီများပေးဆပ်ချိန်တွင် အခွင့်အရေးရရှိလိမ့်မည်မဟုတ်ကြောင်းသိစေအပ်ပါသည်။

နေ့စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ ၃၁ ရက်။

ဒေါ်မွန်မွန်ဌေး
LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၉၇/၂၀၁၄)
တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊
တက်နေဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်
(တရားရုံးအမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

ပ၊ ထ၊ န - အမှတ် ၅၄၃/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၃၀/၃၁-၇-၂၀၂၀။